# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသား၊ ကျောင်းသူလူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၆ | တောင်ကုတ်မြို့နယ်တွင် သူနာပြုနှင့် သားဖွား သင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်၊ လဲပုံကျေးရွာအုပ်စုများရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲများအား ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့(၂၅) ခုတင်ဆံ့ဆေးရုံ၌ ဆရာဝန် (၁)ဦး တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၉ | ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ကျန်းမာရေး ဌာနကို ကောင်းဘို့ကျေးရွာ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ စံပြဆေးရုံကို ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ဥပမိရပ် မကောင်းတော့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား | ၂၇ |

လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၅

၁၃ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွား စေနိုင်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာအသိပညာပေး တားဆီးကာကွယ် စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၃၆

၁၄ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ နိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာ ဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်း ဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်း ရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၄၄

၁၅ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၆၆

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၇၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၁၇-၅-၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသား၊ ကျောင်းသူ လူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **ဘီးလင်းမြို့နယ်၊ အလူးကျေးရွာတွင် ဆေးပေးခန်းဆောက်လုပ်ရန် မြေနေရာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားရာမှ အချင်းချင်းခိုက်ရန် မဖြစ်ပွားစေရန်နှင့် ရွာသားများ ဆေးပေးခန်းရရှိပြီး ကျန်းမာရေးဝန်ဆောင်မှု ရရှိစေရန်အတွက် မြန်ဆန်စွာဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နှူး၊ လုံအိမ်နှူး၊ အောက်ကန့်၊ လဲပုံ ကျေးရွာအုပ်စုများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစောတင်ဝင်း၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့(၂၅) ခုတင်ဆံ့ဆေးရုံ၌ ဆရာဝန် (၁)ဦး တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ ကျန်းမာရေးဌာနကို ကောင်းဘို့ကျေးရွာ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ စံပြဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ဥပမိရပ် မကောင်းတော့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က **"နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ် မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျ စေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက် ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုး စီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းထွန်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဂ) ဦးအောင်ကျော်ဦး၊ မိုင်းတုံ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(င) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(စ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ဆ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

(ဇ) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ဈ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ည) ဦးဖိုးမောင်၊ ဖယ်ခုံ မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## သတ္တမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ ခွင့် ၁ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန် ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် ခွင့် ၁ ရက်၊

(၆) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊

(၇) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၈) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၁၀ ရက်၊

(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၁၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၁) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၈ ရက်၊

(၁၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၁၄) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၁၀ ရက်၊

(၁၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၆) မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်၊

(၁၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၁၈) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၁၉) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊

(၂၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၂၂) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၂၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂၄) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဋ္ဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၂၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၁ ရက်၊

(၂၆) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၇) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၂၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်နှင့်

**မှုကြမ်း**

(၂၉) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ သက်တမ်းကို ၁၉-၅-၂၀၁၉ ရက်မှစ၍ နောက်ထပ်တစ်နှစ်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြိုယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသား၊ ကျောင်းသူလူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မြန်မာ့ဒီမိုကရေစီအရေး အတွက် အရေးကြီးတဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်းကတော့ ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှ တစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသားကျောင်းသူလူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိ စေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဒီမိုကရေစီအရေးအတွက် ကျန်းမာသန်စွမ်းတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု ကို ထူထောင်ဖို့ဆိုတာဟာ ဒီမိုကရေစီရဲ့ကျင့်စဉ်တွေကို လူတိုင်းက လိုက်နာဖို့လိုပါတယ်။ ဒီမိုကရေစီရဲ့လုပ်ထုံးလုပ်နည်းတွေကို လူတိုင်းက နားလည်ထားဖို့လိုပါတယ်။ ဒီမိုကရေစီ ရဲ့တန်ဖိုးထားမှုတွေကို လူတိုင်းက တန်ဖိုးထားဖို့ လိုပါတယ်။ အဲဒီကျမှသာလျှင် ကျွန်တော်တို့က ကျန်းမာသန်စွမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို ထူထောင်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံလို ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံတစ်ခုအနေနဲ့ မဲပေးမယ့်သူတွေကို ပညာပေးရေး လုပ်ငန်းစဉ်တွေဟာ အရမ်းအရေးကြီးသလိုပဲ ဒီမိုကရေစီအဟောင်းအတွက်ရော၊ ဒီမိုကရေစီနိုင်ငံ

အသစ်တွေအတွက်ပါ ဒီမိုကရေစီခိုင်မာအားကောင်းဖို့ရာအတွက်ကို ကျောင်းသားလူငယ်တွေကို ပညာပေးဖို့ဟာ အင်မတန်လိုအပ်လှပါတယ်။ အဲဒီတော့ ကျောင်းသားလူငယ်တွေကို ပညာပေးတဲ့ အခါမှာ နှစ်နည်းနဲ့ ပညာပေးနိုင်ပါတယ်။ တစ်နည်းကတော့ Concerned ပိုင်းဆိုင်ရာ၊ သီအိုရီပိုင်း ဆိုင်ရာ ပညာပေးဖို့ပဲ ဖြစ်ပါတယ်။ အဲဒါကတော့ သင်ရိုးညွှန်းတမ်းတွေပြဋ္ဌာန်းပြီးတော့မှ သင့်တော်တဲ့ အတန်းတွေမှာ ရွေးကောက်ပွဲဆိုင်ရာစနစ်တွေနဲ့ ပတ်သက်ပြီးတော့မှ လေ့လာသင်ယူစေခြင်းပဲ ဖြစ်ပါ တယ်။ ဒုတိယတစ်မျိုးကတော့ ကျောင်းသားတွေကို စာတွေ့တင်မကဘဲနဲ့ လက်တွေ့ပါပေးပြီးတော့မှ ထိတွေ့ပေးခြင်းပဲ ဖြစ်ပါတယ်။ လက်တွေ့ ပညာရေးမှာ အဆိုတစ်ခုရှိပါတယ်။ ငါကြားထက်ကိုလည်း ငါမြင်တဲ့ဟာကို ပိုပြီးတော့မှ နားလည်တယ်။ ငါမြင်တာထက်ကို ငါထိတွေ့ဖူးတာကို ပိုနားလည်တယ် ဆိုတဲ့ ပညာရေးမှာ အဆိုတစ်ခုရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အယူအဆပိုင်းတွေကို သင်ပေးတာထက်ကို သူတို့ကို ထိတွေ့ပေးလိုက်မယ်ဆိုလို့ရှိရင် ပိုပြီးတော့မှ အားကောင်းမယ်လို့ ယူဆ ရပါတယ်။ အထူးသဖြင့်တော့ ကျောင်းတွေမှာဆိုလို့ရှိရင် ကျောင်းသားအတန်းခေါင်းဆောင်တွေ ရွေးတာမျိုးရှိပါတယ်။ အတန်းခေါင်းဆောင်ရွေးတဲ့အခါတွေမှာ ဒီမိုကရေစီကျင့်စဉ်ကျင့်ထုံးတွေနဲ့ အညီ သူတို့ကို စနစ်တကျလုပ်ပေးလိုက်နိုင်မယ်ဆိုလို့ရှိရင် သေချာတာက ဘာလဲဆိုတော့ သူတို့ ရွေးကောက်ပွဲရဲ့အတွေ့အကြုံတွေ အများကြီးရလာပြီးတော့မှ အနည်းဆုံးတော့ အတန်းခေါင်းဆောင် ရွေးတဲ့အခါမျိုးမှာ First Pass the Push လို စနစ်မျိုးကို နားလည်လာမယ်လို့ ကျွန်တော်ယူဆရပါ တယ်။ အဲဒီတော့ စာသင်ကျောင်းတွေမှာဆိုလို့ရှိရင် ဒါဟာစနစ်တွေကို ဖန်တီးလို့ရပါတယ်။ အတန်း ခေါင်းဆောင်အပြင် ကျောင်းခေါင်းဆောင်၊ အားကစားခေါင်းဆောင်၊ ယဉ်ကျေးမှုခေါင်းဆောင်၊ အခြားဒီမိုကရေစီနိုင်ငံတွေမှာ ဆောင်ရွက်နေကြတဲ့ စနစ်မျိုးတွေ ရှိပါတယ်။ ဒါတွေကို ကျွန်တော် တို့တွေ လေ့လာပြီးတော့မှ အများကြီးပေးပြီးတော့ ထိတွေ့လို့ရပါတယ်။ ပြီးတော့ ကျောင်းကောင်စီ လိုဟာမျိုးတွေ လုပ်နိုင်လို့ရှိရင်လည်းပဲ Elect Voting လိုဟာမျိုး၊ Proportional Representation လိုဟာမျိုး။ ကျွန်တော်တို့က ရွေးကောက်ပွဲစနစ်အမျိုးမျိုးနဲ့ ကျောင်းသားတွေကို ကျွန်တော်တို့ ပေးပြီး တော့မှ ထိတွေ့နိုင်ပါတယ်။

အဲဒီလို တကယ်လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင်တော့ အကျိုးကျေးဇူးက အများကြီးရမှာ ဖြစ်ပါ တယ်။ ဒီထဲကမှ သုံးချက်လောက်ကို ကျွန်တော်ပြောချင်တာက ကျန်းမာရေးအားမကောင်းတဲ့ ဒီမိုကရေစီတွေမှာဆိုလို့ရှိရင်တော့ မနာလိုဝန်တိုမှုတွေများပြီးတော့မှ ကိုယ့်အရည်အချင်းကို မြင့်တက်

ဖို့ မကြိုးစားဘဲနဲ့ သူများရဲ့အားနည်းချက်ကို လိုက်ရှာပြီးတော့မှ နောက်ကျောခေးနဲ့ထိုးတာမျိုး၊ ခြေထိုးတဲ့လုပ်ငန်းတွေကိုပဲ လုပ်ပြီးတော့မှ ဒီမိုကရေစီတွေဟာ ပိုပြီးတော့မှ မရှင်သန်ကြပါဘူး။ မိမိရဲ့အရည်အချင်းကို မြှင့်တင်ပြီးတော့မှ အခိက ယှဉ်ပြိုင်မှုတစ်ခုမှာ မျှတတဲ့အခြေအနေကို ဖန်တီးရမယ်။ မျှတတဲ့အခြေအနေနဲ့အတူတူ၊ Level Play Ground အတူတူနဲ့ ယှဉ်ပြိုင်ကြမယ်ဆိုတဲ့အသိမျိုးတွေ ကျွန်တော်တို့ရရှိနေမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အများကိုကိုယ်စားပြုထားတာဖြစ်တဲ့အတွက် အများကလက်ခံနိုင်တဲ့သူဖြစ်အောင် ကိုယ်ရည်ကိုယ်သွေးကောင်းဖို့လိုအပ်တာ ဖြစ်တဲ့အတွက် ကိုယ်ရည်ကိုယ်သွေးတွေကို ပိုသထက်၊ ပိုသထက်ကောင်းအောင်လုပ်ရမယ်ဆိုတဲ့အသိ လူငယ်တွေကို ပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခု ကျွန်တော်ထောက်ပြချင်တာကတော့ ဘာလဲဆိုတော့ ဒီလိုလုပ်ပေးလိုက်ခြင်းအားဖြင့် တာဝန်သိတတ်တဲ့နိုင်ငံသားတွေ ပိုပြီးတော့ မွေးထုတ်လာနိုင်သလို တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာတဲ့ အနာဂတ်ခေါင်းဆောင်တွေလည်း ပေါ်လာမယ်လို့ ကျွန်တော်တို့မျှော်လင့်ရပါတယ်။ ဒါတွေက ကျွန်တော်တို့နိုင်ငံအတွက် အသစ်မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာ လုပ်နေတာတွေ၊ နမူနာတွေ အများကြီးရှိပါတယ်။ မကြာခင်က လုပ်ခဲ့တဲ့ အိန္ဒိယက ကျောင်းသားတွေရွေးကောက်ပွဲမှာ မဲပေးနေတဲ့ပုံဖြစ်ပါတယ်။ နောက်တစ်ပုံကတော့ ယူဂန္ဒာက ရွေးကောက်ပွဲကော်မရှင်ကနေမှ ကျောင်းမှာ ပညာပေးနေတဲ့ပုံ ဖြစ်ပါတယ်။ ပထမပုံကတော့ ရွေးကောက်ပွဲအတွက်ပုံ လုပ်ထားဖြစ်ပါတယ်။ ဒုတိယပုံကတော့ ထိုင်းနိုင်ငံက မဲရုံတွေမှာ အခိကအားဖြင့်တော့ ကင်းထောက်ကလေးတွေကို မဲရုံအကူအနေနဲ့သုံးပြီးတော့မှ ရွေးကောက်ပွဲတော်တော်များများမှာ ဆောင်ရွက်ကြတာ တော်တော်ကြာပြီဖြစ်ပါတယ်။ အဲဒီတော့ နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ရဲ့မျှော်လင့်ချက်တွေဟာ လူငယ်တွေရဲ့လက်ထဲမှာရှိပါတယ်။ ကျွန်တော်တို့ရဲ့အနာဂတ်ဟာ စာသင်ခန်းတွေထဲမှာရှိပါတယ်။ လက်ရှိခေါင်းဆောင်တွေဟာ ကျွန်တော်တို့ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးမယ့်လူတွေ ဖြစ်တာကြောင့်မို့လို့ ဒီရွေးကောက်ပွဲနှင့်ပတ်သက်တဲ့အသိပညာတွေကို ကျောင်းသားလူငယ်တွေကို မျှဝေပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော့်အနေနဲ့မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားဖြေဆိုမယ့်အဖွဲ့ဝင် ဦးအောင်မြင့်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ရဲ့ကြယ်ပွင့်ပြမေးခွန်းက ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေးခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများ မှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသားကျောင်းသူလူငယ်များ ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းမေးပေးတဲ့အတွက် ကနဦးတင်ပြလိုတာကတော့ မေးမြန်းတဲ့သူကို အထူးပဲကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ ဒီမိုကရေစီစနစ်ရဲ့မဖြစ်မနေဖြတ်သန်းရမယ့် တံခါးပေါက်ကတော့ ရွေးကောက်ပွဲများပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီရွေးကောက်ပွဲများအကြောင်းကို လူငယ်လူရွယ်များ သိရှိနိုင်ဖို့လိုအပ်တဲ့အတွက် ဒီမေးခွန်း မေးပေးတာကို ကျေးဇူးတင်တယ်လို့ ကနဦးတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ နောက်တစ်ခုကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့တော့ အဲဒီရွေးကောက်ပွဲအလေ့အထတွေ၊ ပြည်သူတွေ ရင်းနှီးကျွမ်းဝင်စေဖို့၊ တစ်နည်းအားဖြင့် Voter ဖြစ်မယ့်သူတွေ ရင်းနှီးကျွမ်းဝင်စေဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂)မှာ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းဆိုတာကို အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ထည့်သွင်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခါ အထူးသဖြင့် လာမယ့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အသက် ၁၈ နှစ်ပြည့်လာမယ့် ပထမအကြိမ်မဲပေးရမယ့် မဲဆန္ဒရှင် ငါးသန်းခန့် ရှိတယ်လို့ ကျွန်တော်တို့ခန့်မှန်းရရှိပါတယ်။ အဲဒီငါးသန်းခန့်ကိုလည်းပဲ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးနိုင်ရေးအတွက် ကဏ္ဍစုံက ပါဝင်ပတ်သက်သူတွေနဲ့ ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိနေပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ နောက်ထပ်လုပ်နေတာတစ်ခုကတော့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများနှင့် အခြားအဖွဲ့အစည်းများမှ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများနှင့် ဗဟုသုတများကို သင်ကြားပို့ချပေးဖို့ ညှိနှိုင်းလာပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က မူဝါဒပိုင်းဆိုင်ရာကို သိရှိနားလည်တဲ့ ညွှန်ကြားရေးမှူးတွေ၊ ဒုတိယ ညွှန်ကြားရေးမှူးတွေ၊ လက်ထောက်ညွှန်ကြားရေးမှူးတွေ စေလွှတ်ပြီးတော့ သင်တန်းများပေးလျက်ရှိ ပါတယ်။

ဒါ့အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်က ကျောင်းသူကျောင်းသားတွေ၊ ဥပဒေအထူးပြု ကျောင်းသူကျောင်းသားတွေ၊ ဆရာဆရာမတွေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လေ့လာရေး ခရီးစဉ်အနေနဲ့ လာရောက်တဲ့အခါမှာလည်း ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ ဗဟုသုတများကို ရှင်းလင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ လက်တွေ့ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်ဖို့အတွက် လုပ်နေတာ ရှိပါတယ်။ အဲဒါကတော့ မေးခွန်းရဲ့အဖြေလည်းပဲ ဖြစ်ပါတယ်။ မေးခွန်းမှာပါတဲ့ ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲဆိုင်ရာဗဟုသုတများကို စာသင်ကျောင်းများတွင် သင်ကြားပေး ခြင်း၊ ကျောင်းတွင်းရွေးကောက်ပွဲများမှတစ်ဆင့် ရွေးကောက်ပွဲအလေ့အထများကို ကျောင်းသား ကျောင်းသူလူငယ်များ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ အနာဂတ်တွင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားရှိပြီး လက်ရှိ အချိန်မှာတော့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**တောင်ကုတ်မြို့နယ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တောင်ကုတ်မြို့နယ်တွင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်

ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ပြီး မည်သည့်အချိန်တွင် အပြီးသတ်ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်တွင် ခရိုင်းငါးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်နှင့် မြို့နယ်ခွဲသုံးခုတို့ဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်းလူဦးရေမှာ ၃.၃ သန်းခန့်နေထိုင်လျက်ရှိသော ပြည်နယ်တစ်ခုပဲ ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း ဆေးရုံစုစုပေါင်း ၇၁ ရုံနဲ့ တိုက်နယ်နှင့် ကျေးလက်ကျန်းမာရေးဌာန ၁၂၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၈၂ ခုနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁၈ ခုတို့ဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ လက်ရှိ ရခိုင်ပြည်နယ်တွင် သူနာပြုနှင့်သားဖွားဆရာမများကို မွေးထုတ်ပေးနေသော သားဖွားသင်တန်းကျောင်းမှာ စစ်တွေမြို့တစ်ခုတည်းတင်သာ သားဖွားသင်တန်းကျောင်းတစ်ကျောင်းတည်းရှိပါတယ်။ ယခုအချိန်မှာ တစ်နှစ်လျှင် သားဖွားအင်အား ၇၀ ဦးမှ ၇၅ ဦးခန့်နှင့် ဘက်စုံသားဖွားအင်အား ၆၀ ဦးမှ ၆၅ ဦးခန့်အထိ မွေးထုတ်ပေးလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။

ဒါပေမဲ့လည်း ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနရဲ့စာရင်းဇယားများအရ သူနာပြုစုစုပေါင်းခွင့်ပြုအင်အား ၁၅၁၇ ဦးဖြစ်သည့်အနက် ၇၉၀ ဦးသာ ခန့်ထားနိုင်ပြီးတော့ ၇၇၇ ဦးမှာ လစ်လပ်လျက်ရှိတယ်ဆိုတာကိုလည်း သိရှိရပါတယ်။ လက်ရှိ စစ်တွေသူနာပြုကျောင်းမှာလည်း ရခိုင်ပြည်နယ်သူနာပြုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၁၈ ခုနှစ်မှာ သူနာပြုသင်တန်းသူ ၂၂၇ ဦးကို ခေါ်ယူခဲ့ပြီးတော့ စာသင်ခန်းအားလုံး သူနာပြုသင်တန်းသူများနှင့်ပြည့်သွားပြီးတော့ သားဖွားသင်တန်းသူများအတွက် နေရာမရှိတဲ့အတွက်ကြောင့် မူလသားဖွားသင်တန်းသူသစ်လွင်ဦးရေရဲ့ သုံးပုံတစ်ပုံကို လျှော့ချပြီးတော့ ခေါ်ယူခဲ့ရကြောင်းကိုလည်း သိရှိရပါတယ်ရှင်။ အကယ်၍များ တောင်ကုတ်မြို့နယ်မှာ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတစ်ခုသာ ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် အထက်ပါသူနာပြုလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကုတ်မြို့နယ်ဟာ သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်တို့ကို ချိတ်ဆက်ပေးထားတဲ့နေရာမှာ တည်ရှိနေတဲ့အတွက် အဆိုပါခရိုင်နှစ်ခုမှ ပြည်သူလူထုအတွက်လည်း ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို လက်လှမ်းမီနိုင်မယ့်အနေအထားတစ်ခုကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ကျန်းမာရေးစောင့်ရှောက်မှုကိုပေးတဲ့ ဆေးရုံဆေးခန်းများမှာ လိုအပ်လျက်ရှိတဲ့ သူနာပြု၊ သားဖွား

ဆရာမများကို လုံလောက်စွာမွေးထုတ်ပေးနိုင်ရန် သူနာပြုသင်တန်းကျောင်းအသစ်ကို ဖွင့်လှစ်ပေးနိုင်ရန်အတွက် အခြေအနေကောင်းများလည်း ရှိနေပါသေးတယ်။

ဒါကတော့ လေ့ကျင့်ရေးအတွက် ခုတင် ၁၀၀ ဆံ့တောင်ကုတ်ဆေးရုံအသစ်ဖြစ်ပြီး လက်ရှိဆေးရုံအဟောင်းနေရာကိုလည်း အနည်းငယ် ပြင်ဆင်မွမ်းမံရုံမျှနှင့် စာသင်ဆောင်များအဖြစ်အဆင်သင့်အသုံးပြုနိုင်မယ့်အခြေအနေပဲ ဖြစ်ပါတယ်။ လူသားအရင်းအမြစ်အခြေအနေအရလည်း တောင်ကုတ်ခရိုင်နှင့် သံတွဲခရိုင်တို့ရဲ့ တက္ကသိုလ်ဝင်တန်းဖြေဆိုတဲ့ကျောင်းသူကျောင်းသားဦးရေမှာ နှစ်စဉ် နှစ်သောင်းခန့်ရှိပြီးတော့ တက္ကသိုလ်ဝင်တန်းအောင်ချက်မှာ ၂၅ ရာခိုင်နှုန်းခန့်ရှိနေတဲ့အတွက် အဆိုပါသင်တန်းကျောင်းဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် လူငယ်များရဲ့ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် မျှော်လင့်ချက်ထားစရာ၊ ရွေးချယ်စရာဖြစ်လာနိုင်တာဖြစ်တဲ့အတွက် အထက်ပါမေးခွန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ် ဒေါ်နီနီမေမြင့်ရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ ရာဇဝင်ကို ပြန်ကြည့်လိုက်တဲ့အခါ တောင်ကုတ်မှာ သူနာပြုကျောင်းတစ်ကျောင်းဖွင့်ဖို့ကိစ္စဟာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တည်းက စခဲ့ပါတယ်။ စပြီးတော့ နောက်ဆုံးအဆင့်မှာ Cabinet ကိုတင်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ Cabinet ကိုတင်တဲ့အခါကျတော့ Cabinet ကဘယ်လိုပြန်ပြီး အကြောင်းပြန်ကြားလည်းဆိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှာ တိုင်းဒေသကြီး/ပြည်နယ်အားလုံးအထိ ဖွင့်လှစ်မည့်အစား အရည်အသွေးမထိခိုက်ဘဲ နေရာနည်းနည်း၊ လူများများမွေးထုတ်နိုင်သည့်နည်းလမ်း ရှာကြံရန်ဆိုပြီးတော့ ညွှန်ကြားချက်ပြန်ချတဲ့အတွက် တောင်ကုတ်မှာဆက်ပြီးတော့ သူနာပြုသားဖွားကျောင်းဆောက်မည့်ကိစ္စကိုရပ်သွားပါတယ်။

**မူကြမ်း**

ကျွန်တော်ဒီမှာ ပြန်ပြီးကြည့်လိုက်ပါတယ်။ ရခိုင်ပြည်နယ်ကိုပြန်ကြည့်တဲ့အခါမှာ စစ်တွေမြို့မှာ ကျောင်းတစ်ကျောင်းရှိပါတယ်။ သိတဲ့အတိုင်း ရခိုင်ပြည်နယ်မှာလည်း လူလည်းများတယ်။ သူနာပြု လစ်လပ်တာကလည်း ၈၂၃ ယောက်လောက် လစ်လပ်နေတာ တွေ့ရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်တုန်းက သူနာပြုသားဖွား ၃ နှစ်ဒီပလိုမာကို ၃၇၀၀ နီးပါးခေါ်လိုက်ပါပြီ။ တက်နေပါပြီ။ အခု ၂၀၁၉-၂၀၂၀ ခုနှစ်မှာလည်း ၃၇၀၀ နီးပါးခေါ်ဖို့ လုပ်ထားပါတယ်။ မကြာခင်လအတွင်းမှာ ခေါ်မှာပါ။ ဆိုလိုတာက သူနာပြုသားဖွားသည် နောက်နှစ်နှစ်ကျော်လောက်မှာ ဆိုလို့ရှိရင် BNSC ပါပေါင်းလို့ရှိရင် ၄၀၀၀ နီးပါးလောက်ထွက်မယ်။ အခြေအနေတော့ကောင်းပါတယ်။ သို့သော်လည်း အလုပ်မဝင်တဲ့သူတွေရှိတဲ့အတွက် ပြဿနာ ရှိတယ်။ ကျွန်တော်တို့က ဒီသူနာပြု သားဖွားကိုတော့ ပိုထုတ်ဖို့ရှိပါတယ်။ စစ်တွေမြို့မှာရှိတဲ့ကျောင်းက ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ်အထိကို သုံးနှစ်သူနာပြု သားဖွားဒီပလိုမာ ၁၁၉၁ ဦးထုတ်ခဲ့ပါတယ်။

ထို့အပြင် နှစ်နှစ်သားဖွားဒီပလိုမာကိုလည်း ၁၉၆၂ ခုနှစ်ကနေစပြီး ၂၀၁၈ ခုနှစ်အထိ ၂၂၆၉ ဦးထုတ်ခဲ့ပါတယ်။ အခုလောလောဆယ် စစ်တွေသူနာပြုသားဖွားကျောင်းမှာ တက်နေတဲ့ သုံးနှစ် ဒီပလိုမာသားဖွားသင်တန်းသူအားလုံးပေါင်းက ၄၄၇ ဦးရှိပါတယ်။ သားဖွားက ၆၅ ယောက်တက်နေ ပါတယ်။ တတိယနှစ်မှာ သူနာပြုသားဖွားက ၆၆ ယောက်ထွက်မှာဖြစ်ပါတယ်။ သားဖွားက ၆၅ ယောက်ထွက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း သားဖွားကိုမထုတ်ဘူးဆိုတာက သားဖွားရဲ့ခွင့်ပြုခန့်ထားလစ်လပ်က ၁၅၀၀၀ ကျော်မှာ အပြည့်နီးပါးလောက်ရှိတဲ့ အတွက် အခုဒီမှာ သားဖွားထုတ်လုပ်မှုကိုလျှော့ပြီး သားဖွားနှစ်နှစ်ဒီပလိုမာထုတ်လုပ်မှုကိုလျှော့ပြီးတော့ သုံးနှစ်သူနာပြု သားဖွားကို ပိုထုတ်ခြင်းဖြစ်ပါတယ်။ အဲဒီလိုလုပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ထုတ်မယ်ဆိုလို့ရှိရင် သားဖွားသူနာပြုသင်တန်းကျောင်းဆိုလို့ ရှိရင် ခုတင် ၁၀၀ ဆေးရုံနှင့်မရပါဘူး။ ခုတင် ၁၀၀ ဆေးရုံမှာ အထူးကုကိုးမျိုးပဲရှိပါတယ်။

ခုတင် ၂၀၀ ရှိတဲ့ဆေးရုံတွေမှာသာလျှင် သူနာပြုသားဖွားကျောင်းကို ဖွင့်ပါတယ်။ ဘာကြောင့် လဲဆိုတော့ ခုတင် ၂၀၀ ရှိတဲ့သူနာပြုသားဖွားမှာ အထူးပြုဘာသာရပ် ၁၇ ခုရှိပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ရဲ့ Basic လေးခုဖြစ်တဲ့ ခွဲစိပ်၊ မက်ဂျင်ဆာဂျရီ၊ သားဖွားမီးယပ်နှင့် ကလေးနဲ့မလုံလောက် ပါဘူး။ သူတို့အနေနဲ့ ဒီသူနာပြုသားဖွားဟာ လေးဘာသာအပြင် အများကြီးလေ့လာရပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ အထူးသဖြင့်စိတ်ရောဂါ၊ အကြောအဆစ်၊ ဦးနှောက်အာရုံကြော၊ ဓာတ်မှန် ရောဂါ၊

အနုဇီဝစတဲ့ သင်တန်းအားလုံးကို သူတို့က သွားရပါတယ်။ သားဖွားသူနာပြုသင်တန်း ကျောင်းဖွင့်မယ်ဆိုလို့ရှိရင် ခုတင် ၂၀၀ ရှိတဲ့ဆေးရုံတွေမှာသာလျှင် ဖွင့်လို့ရပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ရခိုင်ပြည်နယ်အနေနဲ့ကလည်း လိုနေတယ်ဆိုလို့ရှိရင် ခုတင် ၁၀၀ ရှိတဲ့နေရာမှာ ဖွင့်လို့မရပေမဲ့ ကျောက်ဖြူမှာ ခုတင် ၂၀၀ ဆေးရုံးရှိဖြစ်ပါတယ်။ အကယ်၍ ကျောက်ဖြူမှာသာ ပြည်နယ်အစိုးရပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးကပဲဖြစ်ဖြစ် မြေရရှိဖို့ဆောင်ရွက်ပေးမယ်ဆိုရင် ဒီကျောင်းဖွင့်ဖို့ကို ကျွန်တော်တို့ ၂၀၂၀၊ ၂၀၂၁ ခုနှစ်မှာ ထည့်ပြီးတော့ ဖွင့်ဖို့လုပ်ပေးမှာဖြစ်ပါတယ်။

ဆိုလိုတာက မြေရှိမယ်ဆိုရင် ကျွန်တော်တို့ဘက်က တာဝန်ယူပါတယ်။ ဖွင့်ကိုဖွင့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီတက်တဲ့ကျောင်းမှာ ရခိုင်ပြည်နယ် သူနာပြုလေးတွေကိုလည်း အကုန်လုံး နီးပါးက အလုပ်ရမှာဖြစ်တဲ့အပြင် ရခိုင်ပြည်နယ်မှာရှိတဲ့ ဆေးရုံများအားလုံးဟာလည်း သူနာပြုနှင့်ပြည့်သွားမှာဖြစ်တဲ့အတွက် အဲဒါကို လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မြေရရှိဖို့သာဆောင်ရွက်ပေးပါ။ ကျွန်တော်တို့က ၂၀၂၀၊ ၂၀၂၁ ဘတ်ဂျက်နှစ်မှာကျွန်တော်တို့ ထည့်ပြီးဆွဲပေးမယ်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ဘီးလင်းမဲဆန္ဒနယ်၏ မေးခွန်းသည် ပြည့်စုံစွာရေးသားဖော်ပြပေးပို့ထားခြင်းမရှိပါ၍ ဖြေကြားရာတွင် လိုရင်းကိုမရောက်ဘဲ လွဲမှားနိုင်တဲ့အတွက် ချန်လှပ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် နောင်တွင် ပြည့်စုံစွာရေးသားဖော်ပြ မေးမြန်းရန်လိုအပ်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို အသိပေးအပ်ပါတယ်။

**ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်၊ လဲပုံကျေးရွာအုပ်စုများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးမြန်းရန် အစီအစဉ် ၃ ဖြစ်ပါတယ်။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လမ်းပန်းဆက်သွယ်ရေးဝေးလံ ခက်ခဲသော ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ မကြားအိမ်နူးအုပ်စု၊ လုံအိမ်နူးအုပ်စု၊ အောက်ကန့်အုပ်စု၊ လဲပုံအုပ်စုများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ကျေးလက်ကျန်းမာရေး ဌာန (RHC) အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းသားပြည်နယ်တွေထဲမှာ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ပြည်နယ် ဖြစ်ပါတယ်။ အထူးသဖြင့် ဝေးလံခက်ခဲတဲ့ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတဲ့ ချင်းတိုင်းရင်းသား တွေအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ဖို့ အထူး လိုအပ်နေပါတယ်။ အခုကျွန်တော်တင်ပြမေးမြန်းထားတဲ့ ကျေးရွာအုပ်စုတွေဟာ ကန်ပက်လက်မြို့နှင့် မိုင်ပေါင်းများစွာဝေးကွာပြီး သွားလာရခက်ခဲတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ တင်ပြမေးမြန်းချက်ပါ ကျေးရွာအုပ်စုတွေမှာ ကျန်းမာရေးဌာနခွဲအဖြစ် ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့ ကျေးရွာတွေလည်း ဖြစ်ပါ တယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနအဆင့်(RHC) တိုးမြှင့်ပေးဖို့ သတ်မှတ်မူဘောင်တွေကိုက်ညီမှုရှိမှသာ တိုးမြှင့်ပေးတာကို သဘောပေါက်နားလည်ပါတယ်။ ဝေးလံ ခက်ခဲတဲ့တိုင်းရင်းသားဒေသတွေအတွက် လိုအပ်ချက်တွေကို ဖြေလျှော့စဉ်းစားပေးပြီး ဝန်ကြီးဌာန အနေနဲ့ စာနာနားလည်ပေးဖို့၊ အဆင့်တိုးပေးနိုင်ဖို့ တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရဲ့တင်ပြမေးမြန်းချက်ပါ မကြားအိမ်နူးအုပ်စုဟာဆိုရင် ကန်ပက်လက်မြို့ပေါ်နှင့် မိုင် ၁၀၀ လောက်ဝေးကွာပြီး အုပ်စုကျန်းမာရေးဌာနခွဲကို ဌာနအဆင့်တိုးမြှင့်ပေးမယ်ဆိုရင် နီးစပ်ရာ ပလက်ဝမြို့နယ်က ကျေးရွာအချို့အပါအဝင် ကျေးရွာပေါင်း ၁၀ ရွာလောက် အမှီပြုအားထားနိုင်မှာ ဖြစ်ပါတယ်။ လုံအိမ်နူးအုပ်စုက မြို့နှင့်မိုင်ပေါင်း ၇၅ မိုင်ကွာဝေးပြီး လုံအိမ်နူးအုပ်စုဌာနခွဲကို ဌာန အဆင့်တိုးမြှင့်ပေးနိုင်မယ်ဆိုရင် နီးစပ်ရာကျေးရွာပေါင်း ၁၀ ရွာနှင့် လူဦးရေ ၂၀၀၀ လောက်ကို အကျိုးပြုလွှမ်းခြုံပေးနိုင်မှာဖြစ်ပါတယ်။ အောက်ကန့်အုပ်စုဆိုရင်လည်း မြို့နှင့် ၆၅ မိုင်ခန့်ဝေးကွာပြီး ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ပေးနိုင်မယ်ဆိုရင် နီးစပ်ရာကျေးရွာငါးရွာကို အကျိုးပြုလွှမ်းခြုံပေးနိုင်

မှာဖြစ်ပါတယ်။ လဲပုံအုပ်စုကလည်းပဲ မြို့နှင့် ၆၅ မိုင်ခန့်ကွာဝေးပြီး ကျန်းမာရေးဌာနအဆင့်တိုးမြှင့်ပေးနိုင်မယ်ဆိုရင် နီးစပ်ရာကျေးရွာငါးရွာခန့်ကို အကျိုးပြုပေးနိုင်မှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တင်ပြတောင်းခံထားတဲ့ ကျေးရွာတည်နေရာပြမြေပုံတွေဖြစ်ပါတယ်။ အနီးရောင်မြှားနှင့်ပြထားတဲ့နေရာတွေကတော့ ကျွန်တော်တောင်းခံထားတဲ့ ကျန်းမာရေးဌာနခွဲတည်ရှိရာ နေရာတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် အထူးတလှယ်တင်ပြလိုတာကတော့ လုံးအိမ်နူးကျန်းမာရေးဌာနခွဲ အဆင့်တိုးမြှင့်ပေးဖို့ လွှမ်းခြုံအကျိုးပြုနိုင်မည့်လူဦးရေစာရင်းဖြစ်ပါတယ်။ ဒါကတော့ လုံအိမ်နူးကျန်းမာရေးဌာန တိုးမြှင့်ပေးနိုင်ဖို့အတွက် သူ့ရဲ့အုပ်စုအတွင်း တည်နေရာတည်ရှိမှုအခြေအနေနှင့် Center ကျမှုအခြေအနေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လုံအိမ်နူးကျေးရွာအုပ်စုကို အဆင့်တိုးမြှင့်ပေးနိုင်ဖို့ တင်ပြစာဖြစ်ပါတယ်။ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြစာဖြစ်ပါတယ်။ ဒါကတော့ အတိုင်ပင်ခံခရီးစဉ်မှာ ကျွန်တော်တို့တင်ပြချက်တွေ ဖြစ်ပါတယ်။ ဒါမြို့မိမြို့ဖရဲ့ လုံအိမ်နူးကျန်းမာရေးဌာနခွဲကို အဆင့်တိုးမြှင့်ပေးနိုင်ဖို့ ထောက်ခံချက်တွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ လမ်းပန်းဆက်သွယ်ရေးဝေးလံခက်ခဲပြီး ချင်းတိုင်းရင်းသားကျေးလက်နေပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိခံစားနိုင်ဖို့အတွက် အဆင့်မြှင့်တိုးမြှင့်ပေးနိုင်ဖို့ ပြည်သူလူထုကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပြည်သူလူထုကိုယ်စား အနူးအညွတ်မေတ္တာရပ်ခံလိုပါတယ်။ ဒါမှသာ ချင်းတိုင်းသားဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အပြည့်အဝ ခံစားကြရမှာဖြစ်ပြီး ကျန်းမာရေးဌာနရဲ့ ကျေးဇူးတရားနဲ့ အစိုးရအပေါ် ယုံကြည်အားကိုးမှုခိုင်မြဲလာမှာဖြစ်ပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်၊ လဲပုံကျေးလက်ကျန်းမာရေးဌာနခွဲတွေကို ကျေးလက်ကျန်းမာရေးဌာန (RHC) အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံတိုင်းရင်းသားများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ Sub Center ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုကို ကျေးလက်ကျန်းမာရေးဌာန Royal Health Center အဖြစ် ပြောင်းလဲတိုးမြှင့်ဖို့တင်ပြခြင်းဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုကတော့ အသံထွက်နည်းနည်းမှားရင်တော့ သည်းခံပေးပါခင်ဗျား။ မကြားအိမ်နူး၊ လုံအိမ်နူး၊ အောက်ကန့်အုပ်စု၊ လဲပုံကျေးရွာအုပ်စုမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာကိုအသေးစိတ် မြေပုံမှာသေချာကြည့်ပြီးပြန်လည်သုံးသပ်ပါတယ်။ ပထမဆုံးတင်ပြတဲ့ မကြားအိမ်နူးကို ကြည့်လိုက်တဲ့အခါမှာ သူ့အောက်မှာ ရွာသုံးရွာပဲရှိတယ်။ အိမ်ခြေက ၁၀၉ အိမ်ရှိတယ်။ လူဦးရေက ၆၇၇ ဦး။ သို့သော် ဒီလူဦးရေကိုတော့ ကျွန်တော်လျှော့ပေါ့စဉ်းစားမှာပါ။ တိုင်းအဆင့်မှာတော့ လူဦးရေက ၁၀၀၀၀ ကနေ ၁၂၀၀၀ အထိရှိပါတယ်။ ဒါပေမဲ့ ဒီမှာ ၆၇၇ ယောက်ပဲရှိတဲ့အပြင် ဒီသူ့ရဲ့ခြောက်ချက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲကနေ ဌာနလုပ်မယ်။ ခြောက်ချက်မှာတစ်ချက်နဲ့ပဲညီတယ်။ နောက် ဒီ မကြားအိမ်နူးကို ကျွန်တော်ကျေးလက်ကျန်းမာရေးဌာနပေးလိုက်မယ်ဆိုရင် သူ့အောက်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုက အလိုအလျောက်ပေးရပါတယ်။ အဲဒီအလိုအလျောက်ပေးရမည့် လေးနေရာမှာရွာမရှိပါဘူး။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ မကြားအိမ်နူးကိုတော့ ပေးလို့မရပါဘူးခင်ဗျား။

ဒုတိယဖြစ်တဲ့ လုံအိမ်နူးကို ကျွန်တော်တို့ ပြန်ကြည့်လိုက်ပါတယ်။ လုံအိမ်နူးက ပင်လောင်း ကျေးလက်ကျန်းမာရေးဌာန၏ အောက်မှာရှိပါတယ်။ ၁၂ မိုင်ဝေးပါတယ်။ သူ့ကိုပြန်ကြည့်လိုက်တဲ့အခါမှာ ရွာကငါးရွာပဲရှိပါတယ်။ အိမ်ခြေက ၁၈၃ အိမ်၊ လူဦးရေက ၁၀၈၃ ။ သို့သော် ဒီမြေပုံမှာ ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ ဒီလုံအိမ်နူနှင့်ကပ်လျက် ၃ မိုင်လောက်ပဲဝေးတဲ့ ခါရိုင်းဆိုတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါတယ်။ အဲဒီဟာကို ပေးပို့စီစဉ်ပါတယ်။ အဲဒါကိုပေးလိုက်မယ်ဆိုလို့ရှိရင် သူ့အောက်မှာကျေးရွာပေါင်း ၁၄ ရွာရှိတယ်။ အိမ်ခြေ ၄၄၀ ရှိတယ်။ လူဦးရေ ၂၅၂၂ ဦးရှိပါတယ်။ ဒါကိုပေးလိုက်လို့ရှိရင် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ လုံအိမ်နူး Set Center ကသူ့အောက်မှာပဲရှိပါတယ်။ ကျွန်တော့်အနေနဲ့ ခါရိုင်းကိုတော့ ကျေးလက်ကျန်းမာရေးဌာနအဖြစ်

ပေးမှာဖြစ်ပါတယ်။ အကယ်၍ အဲဒီခါရိုင်းကိုပေးမယ်ဆိုရင် လုံအိမ်နူးက ကျေးလက်ကျန်းမာရေး ဌာနခွဲရမယ်။ မျှောမှာတစ်ခုရမယ်။ အောက်ကျယ်မှာတစ်ခုရမယ်။ ပန်တောင်းမှာကျေးလက် ကျန်းမာရေးဌာနခွဲလေးခုရမှာဖြစ်ပါတယ်။ ဒီကန်ပက်လက်မြို့နယ်မှာ။ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းထားတဲ့ ပထမဆုံးကျွန်တော်ပြောတဲ့ မကြားအိမ်နူးကလည်း မပေးသင့်ကြောင်းကို ပြည်နယ် ဦးစီးမှူးကလည်း မပေးသင့်ပါဘူးလို့ ပြောထားပါတယ်။

တတိယတောင်းထားတဲ့ အောက်ကန့်ကျေးလက်ကျန်းမာရေးဌာနခွဲကို ကြည့်လိုက်တဲ့အခါမှာ ဒီအောက်ကန့်ကျေးလက်ကျန်းမားရေးဌာနခွဲသည် ကျင်တွင်းကျေးလက်ကျန်းမာရေးဌာနအောက်မှာ ရှိပါတယ်။ ၁၀ မိုင်ဝေးပါတယ်။ သူ့မှာကြည့်လိုက်တဲ့အခါမှာ ရွာက ခုနစ်ရွာရှိပါတယ်။ အိမ်ခြေ ၃၁၄ အိမ်ရှိပါတယ်။ လူဦးရေ ၁၆၅၇ ဦးရှိပါတယ်။ ကျွန်တော်တို့ပေးသင့်၊ မပေးသင့် ခြောက်ချက်မှာ ပြန်ကြည့်တဲ့အခါမှာ ငါးချက်နဲ့သွားကိုက်နေတာတွေ့တဲ့အတွက် ကျွန်တော်တို့ ဒီဥစ္စာကိုပေးမှာ ဖြစ်ပါတယ်။ ဒီအောက်ကန့်ကိုတော့ ကျေးလက်ကျန်းမာရေးဌာနခွဲကနေပြီးတော့ ကျေးလက်ကျန်းမာရေး ဌာနအဆင့်တင်ပေးပါမယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့လည်း ပြည်နယ်ကျန်းမာရေးဦးစီးမှူး ကလည်း ပေးသင့်ကြောင်းဆိုတာလည်း ထောက်ခံပါတယ်။ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာလည်း ပေးသင့် ကြောင်းထောက်ခံပါတယ်။

နောက်စတုတ္ထဖြစ်တဲ့ လဲပုံကိုပြန်ကြည့်တဲ့အခါမှာ သူ့အောက်မှာ ရွာသုံးရွာပဲရှိပါတယ်။ အိမ်ခြေက ၈၂ အိမ်ပဲရှိပါတယ်။ လူဦးရေက ၄၁၃ ဦးပဲနေပါတယ်။ အဲဒီတော့ ကျေးလက်ကျန်းမာရေး ဌာနခွဲကနေ ဌာနကိုပြောတဲ့ ခြောက်ချက်မှာတစ်ချက်နဲ့ပဲညီပါတယ်။ ထို့အပြင် ဒီဥစ္စာကို ကျေးလက် ကျန်းမာရေးဌာနပေးလိုက်လို့ရှိရင် သူ့အောက်မှာကျေးလက်ကျန်းမာရေးဌာနခွဲလေးခုကို ထပ်ပေးရ မယ်။ လေးခုပေးဖို့ ဒီမှာရွာတွေကအကြီးတွေရှိတာကို မတွေ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလဲပုံကို မပေးပါဘူး။ ဆိုလိုတာက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာက လေးခုတောင်းပါတယ်။ လေးခု တောင်းတဲ့အခါမှာ နှစ်ခုပေးပါမယ်။ သို့သော်ငြားလည်း ဒါလေးကိုတော့ ဖတ်ပြချင်ပါတယ်။ ကျွန်တော် တို့ပေးမလို့ကတိကဝတ်ပြုလုပ်တယ်။ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဖေဖော်ဝါရီလ ၆ ရက် ရက်စွဲပါစာအမှတ် ၈/၄၂၆-ဖွဲ့စည်းပုံ/အဖရ(၂၀၁၉) ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ အဆိုပါအမိန့်

ကြော်ငြာစာတွင်ပါသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန်ဆိုပြီး ကျွန်တော်တို့ကို လမ်းညွှန်ချက်ချပါတယ်။ ဆိုတော့ ဒီဟာကြီးကို လမ်းညွှန်ချက်ချပြီးလို့ရှိရင်တော့ ဆက်လက်ပြီးတော့ ဒါကို Process လုပ်ပြီးတော့ ကျွန်တော်တို့ရအောင်လုပ်ပါမယ်။ ချင်းပြည်နယ်ကလည်း အားလုံးခက်ခဲတဲ့ ဒေသဖြစ်တဲ့အတွက် ဦးစားပေးအနေနဲ့ ဒါကိုလုပ်ထားပါမယ်။ ကျွန်တော်တို့အနေနဲ့ အခုအချိန်က စပြီးတော့ ကျွန်တော်တို့ဘက်ပိုင်းက အဆင်သင့်လုပ်ထားပါမယ်။ ဒီဟာကြီးထွက်လာပြီးရင် ဒါနှင့် ကိုက်မယ်ဆိုရင် ချက်ခြင်းဆက်လက်ပြီးတော့ Process လုပ်လို့ရအောင် စီစဉ်ထားမည်ဖြစ်ကြောင်း လေးစားစွာပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဝန်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံ ဖြေကြားသွားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြတဲ့ဌာနခွဲလေးခုထဲမှာ အဓိက ကျွန်တော်တင်ပြလိုတာကတော့ လုံအိမ်နူးအုပ်စုဖြစ်ပါတယ်။ ကျွန်တော်တို့ လုံအိမ်နူးအုပ်စုဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးအားလုံးကလည်းပဲ သင့်တော်တဲ့နေရာအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ အားလုံးက ဆုံးဖြတ်ထားတဲ့နေရာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ခါရိုင်းကျေးရွာကိုပေးဖို့လို့ ဝန်ကြီးက ဖြေပေးခဲ့ပါတယ်။ ခါရိုင်းကျေးရွာက နေရာအနေအထားအရရော၊ နောက်ပြီးတော့မှ ဒီအိမ်ခြေအရရော သူ့ရဲ့အစွန်အဖျားကျရောက်နေတာကို တွေ့ရပါတယ်။ မြို့မိမြို့ဖတွေရဲ့ တောင်းခံချက်ထဲတွေမှာလည်းပဲ ဒီလုံအိမ်နူးကျေးရွာကိုသာ အဆင့်တိုးမြှင့်ပေးသင့်တဲ့အကြောင်းကို အားလုံးကသဘောတူထားတဲ့ကျေးရွာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီလုံအိမ်နူးကျေးရွာအုပ်စုကို အဆင့်ပြန်တိုးမြှင့်ပေးနိုင်ဖို့ အောက်ခြေမြေပြင်ကွင်းဆင်းစစ်ဆေးမှုတွေကို တိတိကျကျ ပြန်လုပ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ အဲ့ဒါလေးတစ်ချက်လောက် ကျွန်တော်ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ ဒီမှာ လုံအိမ်နူးကိုမပေးဘဲနဲ့ ခါရိုင်းမှာပေးရင် သူတို့သိသည်။ သို့သော် ဒီလုံအိမ်နူးနှင့်ခါရိုင်း သုံးမိုင်ပဲဝေးပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့ ကျွန်တော်တို့က ခါရိုင်းကိုပေးခြင်းဖြစ်ပါတယ်။

**ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့(၂၅)ခုတင်ဆံ့ဆေးရုံ၌ ဆရာဝန်(၁)ဦး တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက် သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့(၂၅)ခုတင်ဆံ့ဆေးရုံ၌ ဆရာဝန်တစ်ဦး တိုးမြှင့်ခန့်ထား ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းရင်း ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံမှာ ဆရာဝန်တစ်ဦးသာရှိခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါတယ်။ ဘုရားသုံးဆူမြို့မှာ နယ်စပ်မြို့ဖြစ်ပြီး ကြာအင်းဆိပ်ကြီးမြို့နဲ့ မိုင် ၆၀ ကျော်၊ သံဖြူဇရပ်မြို့နယ်နဲ့ မိုင် ၇၀ ကျော်ဝေးကွာတဲ့ မြို့ဖြစ်ပါတယ်။ ဘုရားသုံးဆူမြို့မှာ တစ်ဦးတည်းသောဆရာဝန်မှာ တစ်ခါတစ်ရံ သင်တန်းတက်ရောက် ခြင်း၊ တစ်ခါတစ်ရံ ကိုယ်ပိုင်ခွင့်ယူသည့်အခါ ဆေးရုံမှာ ဆရာဝန်မရှိခြင်းကြောင့် ထိုအချိန်၌ အရေးပေါ်လူနာရောက်ရှိလာပါက အနီးဆုံး မိုင် ၆၀ ကျော်ဝေးတဲ့ ကြာအင်းဆိပ်ကြီးမြို့ကို သွားရောက် ရပါတယ်။ တစ်ခါတစ်ရံ တိုက်တိုက်ဆိုင်ဆိုင် ရာဇဝတ်မှုဖြစ်ပြီး လူသေမှုဖြစ်တဲ့အခါ အဲဒီလူသေ အလောင်းကြီးကို ဆရာဝန်ဆေးစစ်ချက်ရဖို့အတွက် ကြာအင်းဆိပ်ကြီးမြို့အထိ သယ်ဆောင်သွားရပါ တယ်။ ဘုရားသုံးဆူမြို့ဟာ ယခုအခါ လူဦးရေများပြားလာတာကတစ်ကြောင်း၊ ၂၀၁၈ ခုနှစ်မှာ ဘုရားသုံးဆူဆေးရုံသို့ အတွင်းလူနာတစ်ထောင်ကျော်၊ ပြင်ပလူနာကိုးထောင်ကျော်၊ မွေးလူနာ ၂၅၆ ဦး၊ ခွဲစိတ်လူနာ ၃၁ ဦးတို့ တက်ရောက်ကုသနေတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဘုရားသုံးဆူမြို့(၂၅) ခုတင်ဆံ့ဆေးရုံသို့ ဆရာဝန်တစ်ဦး တိုးမြှင့်ချထားပေးပါရန် ဘုရားသုံးဆူ မြို့သူမြို့သားများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း၏မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဘုရားသုံးဆူမြို့ ၂၅ ခုတင်ဆံ့ဆေးရုံမှာ ဆရာဝန်တစ်ဦး တိုးမြှင့်ခန့်ထားပေးရန်နှင့်ပတ်သက်၍ ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြန်ကြည့်လိုက်တဲ့အခါမှာ တော်တော်လေး ထူးခြားချက်တွေကတော့ ရှိပါတယ်။ တစ်ပြည်လုံးမှာ တိုက်နယ်ဆေးရုံဆိုရင် ၁၆ ခုတင်ပဲဖြစ်ပါတယ်။ ဒီမှာ ၂၅ ခုတင်ဖြစ်တဲ့အပြင် ထူးခြားစွာ ဆရာဝန် ၂၃ ဦးရှိရမယ်လို့ လုပ်ထားပါတယ်။ ဒါက အရင်ခေတ်က Cabinet က Approved ထားတာပါ။ တစ်ပြည်လုံးမှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမှာတစ်ခု၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမှာတစ်ခု၊ နောက် ထီးချိုင့်မြို့နယ်၊ မြတောင်မြို့နယ်မှာ ၂၅ ခုတင်ရှိပါတယ်။ ဒီ ၂၅ ခုတင်သုံးခုသည် ထူးခြားစွာ ဆရာဝန် ၂၃ ဦးရှိတယ်လို့ Approved လုပ်ထားပါတယ်။ ဒါကတော့ မဖြစ်သင့်ပါဘူး။ ၂၅ ခုတင်မှာ အားလုံးရှိရမှာက ဆရာဝန်အားလုံးက အလွန့်အလွန်ဆုံးခြောက်ဦးပဲ ရှိရမယ်။ ဒီမှာတော်တော်ကိုများ နေပါတယ်။ ဒါကို ကျွန်တော်တို့ပြန်လည်ပြင်ဆင်ပြီးတော့ အစိုးရအဖွဲ့ကို ပြန်တင်ပြီးတော့ ပြန်ပြီး လျှော့ရမှာ ဖြစ်ပါတယ်။ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ၂၅ ခုတင်က ခုတင် ၅၀ ထက်ကို ဆရာဝန်က များနေတယ်။ အဲဒီသုံးခုက။ ဒါကိုတော့ ကျွန်တော်တို့ ပြန်လည်သုံးသပ်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်က ဒါကိုအသေးစိတ်ပြန်ကြည့်လိုက်ပါတယ်။ ကရင် ပြည်နယ်၊ ဘုရားသုံးဆူ ရဲ့ တစ်နှစ်ပျမ်းမျှ ဆေးရုံအတွင်းလူနာဦးရေ(Average number of inpatient)Per Day ကို ကြည့်တဲ့အခါမှာ ကိုးယောက်၊ ၁၅ ယောက်၊ ၁၇ ယောက်၊ ၁၄ ယောက်၊ ၁၂ ယောက်၊ ၂၀၁၄ ခုနှစ်က စပြီး ၂၀၁၈ ခုနှစ်အထိ နည်းပါတယ်။ သိပ်မများပါဘူး။ ဆေးရုံအသုံးပြု ခုတင်(Bed Occupancy Rate)မှာလည်း ၅၄ ရာခိုင်နှုန်း၊ ၈၈၊ ၆၅၊ ၅၄၊ ၄၄ ပဲရှိပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တို့အနေနဲ့ တိုက်နယ်ဆေးရုံတွေမှာ ဆိုလို့ရှိရင် စုစုပေါင်း ၇၇၇ ရုံ လောက်ရှိပြီးတော့ ၄၈၃ ရုံမှာသာ ကျွန်တော်တို့က ဆရာဝန်ကို သတ်မှတ်ခန့်ထားပါတယ်။ ကျန်တဲ့တိုက်နယ်ဆေးရုံမှာတော့ အပေါ်က Re-leading ပေါ့။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကနေပြီးတော့ ဆက်ပြီးလုပ်ရတာရှိပါတယ်။ အခု ကျွန်တော်တို့ မကြာခင်မှာ ဆရာဝန် ၉၆၇ ယောက် ခေါ်ဖို့ရှိပါတယ်။ ဒီဆရာဝန်တွေ ဝင်တဲ့အခါမှာ ကျွန်တော်တို့

**မူကြမ်း**

Experience ရှိတဲ့ ဆရာဝန် တွေ လှည့်ပြီးတော့ လုပ်မှာပါ။ လက်ထောက်ဆရာဝန်အနေနဲ့ဆိုရင် ကျွန်တော်တို့မှာ ခွင့်ပြုအင်အားထက် ၃၇၊ ၄၀ ရာခိုင်နှုန်းလောက်နဲ့ လုပ်နေရတာရှိပါတယ်။ အဲဒီတော့ ခုနပြောတဲ့ ဆေးရုံ ၇၇၇ ရုံမှာ ၄၃၀ ရုံကျော်ပဲရှိတဲ့အတွက် ၁၈၁ ရုံမှာ Permanent ဆရာဝန် ခန့်ထားလို့မရသေး ပါဘူး။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း မှန်ပါတယ်။ ဒီဆရာဝန် ခွင့်ခံစားတဲ့ အချိန်မှာလည်းကောင်း၊ သင်တန်းများတက်ရောက်တဲ့အချိန်မှာလည်းကောင်း၊ အစည်းအဝေးတက်တဲ့ အချိန်မှာလည်းကောင်း ဆရာဝန်လစ်ဟင်းမှုမရှိဖို့တော့ ကျွန်တော်တို့ ကရင်ပြည်နယ် ဦးစီးမှူးကို ကျွန်တော် Special အမိန့်တော့မဟုတ်ဘူး။ အကြောင်းကြားပါမယ်။ မိုင် ၆၀ လောက်ဝေးပြီး နောက်တစ်နေရာသွားမည်ဆိုလျှင် အမြဲတမ်းတစ်ယောက်ရှိအောင်တော့ ကျွန်တော်တို့ လုပ်မှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တောင်းတဲ့နေရာတွေက အများကြီးရှိတဲ့အခါကျတော့ ကျွန်တော့်အနေနဲ့ ခြုံငုံသုံးသပ်ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုကို Holistic Review လုပ်ခိုင်းပါတယ်။ Holistic Review အကုန်လုံးပါ။ အခု ကျွန်တော်တို့ ပြန်တက်လာပါပြီ။ ဒါတွေကို ကျွန်တော်တို့က ခြုံငုံသုံးသပ်ပြီးတော့မှ လိုတဲ့နေရာကို ဆရာဝန်တွေကို ပေးလိုက်ခြင်းအားဖြင့် ကျွန်တော်တို့ လွှတ်တော်မှာမေးတဲ့မေးခွန်းတွေလည်း နည်းသွားမယ်လို့ ကျွန်တော်ယူဆပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဆရာဝန်လစ်လပ်မှုမရှိအောင် ကျွန်တော်တို့ Re Leading ကို လုံးဝပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ကျန်းမာရေးဌာနကို ကောင်းဘို့ကျေးရွာ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ကျန်းမာရေးဌာနကို ကောင်းဘို့တိုက်နယ်ဆေးရုံအဖြစ်

အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စုတွင် ဓနုတိုင်းရင်းသားလူမျိုးအများစုနေထိုင်သော ကျေးရွာ ၁၂ ရွာနှင့် ပလောင်တိုင်းရင်းသားများနေထိုင်သော တောင်ပေါ်ပလောင်ကျေးရွာ ၁၀ ရွာ စုစုပေါင်း ကျေးရွာ ၂၂ ရွာတွင် အိမ်ခြေ ၂၀၅၁၊ အိမ်ထောင်စု ၂၁၄၈ စုတွင် လူဦးရေ ၈၅၀၁ ဦး နေထိုင်လျက်ရှိပါတယ်။ ၎င်းကျေးရွာများသည် ရပ်စောက်မြို့နယ်ပြည်သူ့ဆေးရုံနှင့် အနည်းဆုံးကျေးရွာမှာ ၁၆ မိုင်နှင့် တောင်ပေါ်ဒေသပလောင်တိုင်းရင်းသားကျေးရွာများနှင့်ဆိုလျှင် ၂၅ မိုင်အထိဝေးကွာပြီး တောင်အတက်အဆင်းလမ်းခရီးကြမ်းတမ်းခက်ခဲသော ကျေးရွာများ ဖြစ်ပါတယ်။ အဆိုပါကောင်းဘို့ကျေးရွာအုပ်စုနှင့်ဆက်စပ်တည်ရှိသော အလည်ချောင်ကျေးရွာအုပ်စုတွင် ဓနုတိုင်းရင်းသားကျေးရွာ ခုနစ်ရွာ၊ ပလောင်တိုင်းရင်းသားကျေးရွာခြောက်ရွာ စုစုပေါင်း ကျေးရွာ ၁၃ ရွာတွင် အိမ်ခြေ ၁၂၃၇၊ အိမ်ထောင်စု ၁၂၅၇ စု၊ လူဦးရေ ၅၇၃၄ ဦး နေထိုင်လျက်ရှိပြီး ရပ်စောက်မြို့နယ်ပြည်သူ့ဆေးရုံနှင့် အနီးဆုံး ၁၁ မိုင်၊ အဝေးဆုံးတောင်ပေါ်ဒေသကျေးရွာများနှင့် ၂၃ မိုင်အထိ ဝေးကွာပြီး လမ်းပန်းခရီးခက်ခဲကြမ်းတမ်းလျက်ရှိပါတယ်။ ကောင်းဘို့ကျေးရွာအုပ်စုနှင့်ဆက်စပ်လျက်ရှိသော ကျေးရွာအုပ်စုများမှာ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ၁၀ မိုင်အထက်ဝေးကွာသော ကျေးရွာ ၃၈ ရွာရှိပြီး လူဦးရေ ၁၆၄၂၈ ဦးအတွက် ကျန်းမာရေးကဏ္ဍစောင့်ရှောက်ကုသမှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသခံရပ်မိရပ်ဖပြည်သူများမှလည်း လိုလားတောင့်တလျက်ရှိနေပြီး ကောင်းဘို့ကျန်းမာရေးဌာနကို ကောင်းဘို့တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ ကျေးရွာများရှိပြည်သူများမှ ကျန်းမာရေးဌာနကို လာရောက်ကုသသောလူနာပေါင်း တစ်နှစ်လျှင် ပျမ်းမျှ ၁၁၄၂၈ ဦးရှိကြောင်းနှင့် အထက်လွှဲပြောင်းကုသလူနာပေါင်း ၂၈၂ ဦးရှိကြောင်း ရပ်မိရပ်ဖများ၏ဆွေးနွေးချက်များအရ သိရှိရပါတယ်။ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ကျေးရွာတွင် တိုက်နယ်ဆေးရုံတည်ဆောက်နိုင်ရန်အတွက် ကောင်းဘို့ကျေးရွာရှိ ရပ်မိရပ်ဖဦးအောင်စိုးမှ မြေ ၅ ဧကလှူဒါန်းပေးထားပြီးဖြစ်ကြောင်းကိုလည်း ဆွေးနွေးတင်ပြချက်များအရ သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကောင်းဘို့ကျေးရွာအုပ်စုတွင် ဈေး၊ အထက်တန်းကျောင်း၊ ရဲကင်းစခန်း၊ မီးသတ်စခန်းများ၊ လျှပ်စစ်မီးများ ပြည့်စုံစွာတည်ရှိနေပြီးဖြစ်ပါ၍ ကောင်းဘို့

ကျန်းမာရေးဌာနကို ကောင်းဘို့တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အမှန်တကယ်လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ကောင်းဘို့ကျေးရွာအုပ်စု၊ ကျေးရွာများနှင့်ဆက်စပ်လျက်ရှိသော ကျေးရွာ ၃၈ ရွာတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးကုသစောင့်ရှောက်မှုများ ပို၍ဆောလျင်စွာ အချိန်မီဆောင်ရွက်ပေးနိုင်ရန်အတွက် ကောင်းဘို့ကျန်းမာရေးဌာနကို ကောင်းဘို့တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံရပ်မိရပ်ဖတိုင်းရင်းသားပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၏ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ရေးကိစ္စနှင့် ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်အသေးစိတ်လေ့လာပြီးသုံးသပ်တဲ့အခါမှာ ကောင်းဘို့ RHC မှာတော့ သူ့မှာ Sub-Centre ခြောက်ခု ရှိပါတယ်။ ရွာပေါင်းက ၇၅ ရွာ၊ အိမ်ခြေကလည်း ၇၂၉၇၊ လူဦးရေ ၃၃၀၀၀ ရှိပြီးတော့ တောင်ပေါ်ရွာတွေဖြစ်တာ သွားတွေ့ရပါတယ်။ ၁၈ ရွာလောက်က။ လမ်းပန်းဆက်သွယ်ရေးကလည်း တော်တော်ခက်တာ တွေ့ရတယ်။ အထူးသဖြင့် မိုးရာသီမှာ တော်တော်လေးခက်ပြီး အနီးအနားမှာရှိတဲ့ အခြားဆေးရုံတွေသွားဖို့က အလွန်ခက်တာကို တွေ့ရပါတယ်။ အဲဒီတော့ တိုက်နယ်ဆေးရုံဖွင့်မယ့်စံချိန်စံညွှန်း ငါးချက်ရှိပါတယ်။ ဒီငါးချက်နှင့်ကြည့်တဲ့အခါမှာ ငါးချက်စလုံးနဲ့လည်း ကိုက်ညီတာကို သွားတွေ့ရပါတယ်။ နောက် ဒီဟာကို ကျွန်တော်တို့က ပြည်သူလူထုများကလည်း ၅.၅ ဧကကိုလည်း လှူထားတာဖြစ်ပါတယ်။ ပြည်နယ်ဦးစီးမှူးကို မေးတဲ့အခါမှာလည်း ဦးစီးမှူးအနေနဲ့ ဒီဟာလုပ်သင့်တယ်။ ကျွန်တော်တို့အနေနဲ့ ပြည်နယ်ဦးစီးမှူးလုပ်သင့်တယ်ဆိုသော်ငြားလည်း ကျွန်တော်က အသေးစိတ်လေ့လာပါတယ်။ ဆေးခန်းပြတဲ့လူနာအသေးစိတ်၊ ကုတဲ့လူနာ၊ အထက်လွှဲတဲ့လူနာ အသေးစိတ်ကို လေ့လာတဲ့အခါမှာ ပေးသင့်တယ်လို့ ကျွန်တော်တို့

ယူဆတဲ့အတွက် ဒါကိုပေးလိုက်မယ်ဆိုရင် လူဦးရေ ၂၅၆၀၀ ကျော်လောက်ရဲ့ကျန်းမာရေးဝန်ဆောင်မှုကို တိုက်နယ်ဆေးရုံက ဝန်ဆောင်မှုပေးနိုင်တဲ့အတွက် ပေးမယ်လို့ ကျွန်တော်တို့ဆုံးဖြတ်ထားပါတယ်။ သို့သော်လည်း အခုနက ကျွန်တော်ဖတ်ပြတဲ့အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကတော့ ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ရေးကိစ္စတွေကို ထွက်လာပြီးမှ စဉ်းစားမယ်။ သို့သော် မထွက်ခင်ကတည်းက ကျွန်တော်ကစပြီးတော့ လိုအပ်တဲ့အချက်တွေ အကုန်လုံးအဆင်သင့်လုပ်ထားပါမယ်။ ထွက်တာနဲ့ ရပြီဆိုရင် ကျွန်တော်တို့တစ်ခါတည်းတင်ပြီးတော့ အမြန်ဆုံးရအောင်လုပ်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ စံပြဆေးရုံကို ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ဥပမိရုပ်မကောင်းတော့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ ခုတင်(၁၆)လုံးဆံ့တိုက်နယ်ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ဥပမိရုပ်မကောင်းတော့သည့် ဝန်ထမ်းအိမ်ရာများအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်ပြီး ကျွန်တော်မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဖျောက်မြို့ဟာ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံအနေနဲ့ပဲ ရှိပါတယ်။ ဒီအဖျောက်မြို့ဟာဆိုလို့ရှိရင် ပါလီမန်ဒီမိုကရေစီခေတ်ကတည်းက ATO ရုံးစိုက်တယ်။ အခုလည်း မြို့ကိုရုံးစိုက်တော့ အင်မတန်စည်းကားတဲ့မြို့လည်း ဖြစ်ပါတယ်။ မန္တလေးမြို့ကြီးကလွဲပြီးတော့ မြန်မာပြည်တစ်ပြည်လုံးမှာဆိုလို့ရှိရင် ပိဋကတ်သုံးပုံကျောက်စာတိုက်ကြီးလည်း ရှိပါတယ်။ ကျောက်ချပ်ရေပေါင်း ၇၂၀ ကျော်ရှိတဲ့ အင်မတန်သာသနာထွန်းကားတဲ့မြို့လည်း ဖြစ်ပါတယ်။ သာသနာရေးထွန်းကားသလို ပညာရေးမှာလည်း ထွန်းကားပါတယ်။ အထက်တန်းကျောင်းကြီးနဲ့အပြိုင် ကိုယ်ပိုင်အထက်တန်းကျောင်းငါးကျောင်း ရှိပါတယ်။ အနယ်နယ်အရပ်ရပ်ကလာပြီးတော့ ပညာသင်ကြားနေတဲ့ ကျောင်းသူကျောင်းသားတွေလည်း အများကြီးရှိပါတယ်။ ဒီလိုနေရာဒေသမှာ ကျွန်တော်တို့ အဖျောက်မြို့ရဲ့ စောင့်ရှောက်ရတဲ့လူဦးရေနဲ့ တိုက်နယ်ဆေးရုံဟာ နည်းနည်း မမျှမတ

ဖြစ်နေတာတွေရှိနေပါတယ်။ အဲဒီတော့ တိုက်နယ်ဆေးရုံကိုတောင် ၁၉၇၆ ခုနှစ်က ကိုယ်ထူကိုယ်ထ ဆောက်ခဲ့ရတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point လေးပြခွင့်ပေးပါ။ ကျွန်တော်တို့ အဖျောက်မြို့မှာ ဒီလို ဆေးရုံအဆောက်အဦတွေ ပြည်သူတွေရဲ့ ကိုယ်ထူကိုယ်ထနဲ့ ဆောက်လာခဲ့တာ။ အဲဒီလို ဆောက်လာခဲ့တဲ့ နေရာမှာ သံဃာ့ဆောင်တွေ၊ လူနာဆောင်မှာ ယောကျ်ားအဆောင်တွေ၊ မိန်းမအဆောင်တွေ၊ မီးဖွား ဆောင်တွေ၊ ဓာတ်မှန်ဆောင်တွေ၊ နောက် ECG စက်တွေ၊ Ultrasound စက်တွေ လိုလေသေး မရှိအောင် ကျွန်တော်တို့ မိဘပြည်သူတွေက ကိုယ်ထူကိုယ်ထဆောင်ရွက်ထားတာပါတယ်။ အဲဒီလို ဆောင်ရွက်ထားပြီးတော့ လူဦးရေကလည်း အင်မတန်များတယ်။ မြို့လည်းဖြစ်နေတယ်။ အခုလည်း အင်မတန်စည်ကားပါတယ်။ ဒီလိုစည်ကားတဲ့မြို့မှာ (၁၆)ခုတင်ဆံ့ဆေးရုံဆိုပေမဲ့ ခုတင် အလုံး(၅၀)ခန့် ထားပြီးတော့ ကုသနေရပါတယ်။ လူနာကတော့ ပုံမှန်မရှိပါဘူး။ မိုးတွင်းဆိုလို့ရှိရင် ပြွတ်သိပ်နေအောင် ရှိပါတယ်။ သွေးလွန်တုပ်ကွေးတို့ ဘာတို့ညာတို့နဲ့။ အဲဒီလို စည်ကားလှတဲ့ ဒီဆေးရုံနဲ့လျော်ညီစွာ တိုက်နယ်ဆေးရုံအဖြစ် ခုတင်(၁၆)ဆံ့ကနေပြီးတော့ (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးဖို့ အစီ အစဉ်ရှိ/မရှိတင်ပြခြင်း ဖြစ်ပါတယ်။ အင်မတန်သာယာလှပတဲ့ ဆေးရုံကြီးနဲ့မလျော်ညီစွာ ဝန်ထမ်း အိမ်ရာတွေ Power Point ပြပေးပါ။ ဝန်ထမ်းအိမ်ရာတွေဟာ ပျက်စီးနေပါတယ်။ တစ်ဖက်က အင်မတန်သာယာပြီးတော့ ဒီဆေးရုံနဲ့ မလျော်ညီတော့ဘူး။ ကြည့်ရတာကိုက ဆန့်ကျင်ဘက်တွေလို ဖြစ်နေတယ်။ အဲဒီ ဝန်ထမ်းအိမ်ရာတွေကလည်း ပျက်စီးယိုယွင်းနေတယ်။ ဒါတွေဟာ ကိုလိုခေတ် ကတည်းက ဆောက်ခဲ့တဲ့ အဆောက်အဦတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဝန်ထမ်းတွေ သက်တောင့်သက်သာနဲ့ ကောင်းကောင်းမွန်မွန်နေနိုင်အောင် ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ် ပေးရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ မေးခွန်းဖြစ်တဲ့ အဖျောက်စံပြဆေးရုံကို (၂၅)ခုတင်ဆေးရုံအဖြစ် တိုးမြှင့်ခြင်းနှင့်

ဥပမိရုပ်မကောင်းသော ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်နဲ့ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုးမယ့်ကိစ္စကို အသေးစိတ်လေ့လာပါတယ်။ ဆေးရုံရဲ့ Indicator ကိုလေ့လာတဲ့အခါမှာတော့ မှန်တော့မှန်ပါတယ်။ ကျွန်တော်တို့က အဆင့်တိုးမယ်ဆိုရင် ၂၀၀ ရာခိုင်နှုန်းတိုးမှရမယ်။ သို့သော်လည်း ဒီမှာကြည့်တဲ့အခါမှာ ၂၀၁၄ ခုနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ်အထိဆိုရင် ဆေးရုံအသုံးပြုမှုခုတင်က ၁၉၁ ခုတင်အသုံးပြုပါတယ်။ ၂၀၁၆ ခုနှစ်မှာ တော်တော်များပါတယ်။ ၁၉၁ ရာခိုင်နှုန်း၊ ၁၇၆ ရာခိုင်နှုန်း၊ ၁၇၀၊ ၁၉၅၊ ၁၇၀၊ ၁၈၀။ ဆိုတဲ့အခါကျတော့ ပေးဖို့တော့ ကျွန်တော်တို့က အာသီသရှိပါတယ်။ ဒါပေမဲ့ လေး၊ ငါး၊ ခြောက်လလောက် ကျွန်တော်တို့ ပြန်ပြီးတော့ အသေးစိတ် Monitor ပြန်လုပ်ပါမယ်။ ဒီမှာ ကြည့်တဲ့အခါမှာ တိုက်နယ် ၁၆ ကနေ ၂၅ ကို တိုးမယ်ဆိုရင်တော့ ဆရာဝန်အနေနဲ့ နည်းနည်းပိုပြီးတော့ပေးရမယ်။ လေးယောက်လောက် ထပ်ပိုပေးဖို့ရှိတယ်။ ဝန်ထမ်းအနေနဲ့က ၅၅ ယောက်ဖြစ်သွားမယ်။ ၁၆ ခုတင်မှာတော့ ၁၉ ယောက်ပဲ ရှိပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့လုပ်ပေးမယ်။ အဓိကတော့ ဆရာဝန်ပါပဲ။ သို့သော်လည်း သွားရေးလာရေးက ချင်း၊ ကချင်၊ ကယားတို့နဲ့မတူပါဘူး။ တော်တော်လည်း ကားလမ်းလည်း သွားတယ်။ လမ်းကပေါက်ပါတယ်။ တိုက်ကြီးမြို့နယ်ဆေးရုံဆိုလည်း ၂၆ မိုင် မော်တော်ကားနဲ့သွားလို့ ရပါတယ်။ ဓနုဖြူ-ပြည်လမ်း မိုင် ၃၀ တစ်နာရီခွဲ၊ ဇလွန်နဲ့တစ်နာရီခွဲ မိုင် ၃၀၊ ထန်းတပင်နဲ့ တစ်နာရီခွဲ။ တိုက်ကြီးအနီးအနားမှာလည်း ခုတင်(၅၀)ဆံ့တိုက်ကြီးဆေးရုံရှိပါတယ်။ နောက် အိုက်ကလောင် တိုက်နယ်ဆေးရုံရှိတယ်။ အုတ်ကန်တိုက်နယ်ဆေးရုံ၊ တော်လတီတိုက်နယ်ဆေးရုံ၊ အဖျောက်တိုက်နယ် ဆေးရုံ အားလုံးစုစုပေါင်း ဆေးရုံရှိပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ယတိပြတ် မပေးဘူးလည်း မပြောချင်ပါဘူး။ ပေးမယ်လည်းမပြောဘူး။ ပေးဖို့ဆန္ဒ ကျွန်တော်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဟာကို တိုင်းဦးစီးမှူးကိုသွားပြီးတော့ အသေးစိတ်စာရင်းဇယားတွေမှန်ရဲ့လား။ ကျွန်တော်တို့ဆီကိုတင်တဲ့ စာရင်းဇယားတွေ တကယ်မှန်ရဲ့လားဆိုတာ သွားကြည့်ပေးပါမယ်။ ကြည့်ပြီးလို့ရှိရင် လိုမယ်ဆိုရင် ပေးဖို့ ကျွန်တော် အာသီသရှိပါတယ်။ နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း မှန်ပါတယ်။ ဓာတ်ပုံတွေကြည့်လိုက်တဲ့အခါမှာ တော်တော်လည်း အခြေအနေဆိုးပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ အဖျောက် တိုက်နယ်ဆေးရုံတွင် နှစ်ခန်းတွဲတစ်ထပ် ဆရာဝန်အိမ်ရာ တစ်လုံး၊ လေးခန်းတွဲတစ်ထပ် ဝန်ထမ်း အိမ်ရာတစ်လုံး၊ သုံးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး တည်ဆောက်ဖို့အတွက် ၂၀၁၉-၂၀၂၀ ငွေလုံးငွေရင်း အသုံးစရိတ်စီမံကိန်းမှာ ကျွန်တော်တို့ လျာထားပါတယ်။ လျာထားတာကိုရတာနဲ့

အောက်တိုဘာလလောက်မှာစပြီးတော့ လုပ်လို့ရမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့(၂၉-၄-၂၀၁၉ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုပြုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂-၅-၂၀၁၉ ရက်နေ့တွင် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၂၆)ချက်ကို သဘောတူ

သင့်ကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၂)ချက်ရှိကြောင်းနှင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်းထားရှိရမယ့်အချက်(၁၅)ချက်ရှိကြောင်း တင်ပြလာပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်(၂၆)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်အား လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သည့် ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၃-၃-၂၀၁၉ ရက်နေ့၌ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်တဲ့ ၂၉-၄-၂၀၁၉ ရက်(တနင်္လာနေ့)တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အပေါ် အဆိုတင်သွင်းဆွေးနွေးလိုသူများ ၂-၅-၂၀၁၉ ရက်နေ့(ကြာသပတေးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးမှ ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုများတင်သွင်းလာ ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ

ကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၃-၅-၂၀၁၉ ရက်(သောကြာနေ့)တွင် ညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။

ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားသည့်အချက်(၂၆)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

သို့အတွက် အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၂၆)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၂၆)မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁၊ ၂ | အပိုဒ် ၂ ခြေဆင်း၊ အပိုဒ်ခွဲ(ခ) |
| (ခ) | ၃ မှ ၄ | ၄၊ ၅၊ ၆ | အပိုဒ် ၃ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ) |
| (ဂ) | ၆ မှ ၇ | ၉၊ ၁၀၊ ၁၁ | အပိုဒ် ၃ အပိုဒ်ခွဲ(န) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ပ) |
| (ဃ) | ၁၀ မှ ၁၄ | ၁၅၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂၊ ၂၃ | အပိုဒ် ၃ အပိုဒ်ခွဲ(မ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) |

**မူကြမ်း**

| | | | |
|---|---|---|---|
| (င) | ၁၈ မှ ၁၉ | ၃၁ | အပိုဒ် ၇၆ |
| (စ) | ၂၀ မှ ၂၃ | ၃၅၊ ၃၇၊ ၃၈၊ ၄၀၊ ၄၁၊ ၄၃ | အပိုဒ် ၈၃ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၈၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၆ အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၈၇ အပိုဒ်ခွဲ(ဂ)အပိုဒ်ခွဲငယ်(၂)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၈၈ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၈၉ ခြေဆင်း |
| (ဆ) | ၂၅ မှ ၃၁ | ၄၅၊ ၄၆၊ ၄၇၊ ၄၉၊ ၅၁ | အပိုဒ် ၉၀ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၉၁ အပိုဒ်ခွဲ(ဂ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၉၁ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၁၂ အပိုဒ်ခွဲ(က) |

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီနဲ့ညှိနှိုင်းအစည်းအဝေးမှာ ဆွေးနွေးသဘောတူထားပြီးဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်၊ အတည်ပြုချက်များအတိုင်း သဘောတူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၂၆)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၂၆)ချက်ကို အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၂)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထက်တွင်တင်ပြခဲ့တဲ့ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၂)ချက်ရှိပါတယ်။ ထိုထပ်မံ ပြင်ဆင်ရန်တင်ပြချက်ကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သို့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၂)ကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၂)မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ | ၃ | အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ခ) | ၁၁ | ၁၈ | အပိုဒ် ၂၃ ကို အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိခြင်း |
| (ဂ) | ၁၃ | ၂၁ | အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၀ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း |
| (ဃ) | ၁၆ | ၂၇ | အပိုဒ် ၆၁ အပိုဒ်ခွဲ(က)ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိခြင်း |
| (င) | ၁၇ မှ ၁၈ | ၂၉၊ ၃၀ | အပိုဒ် ၆၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၅ |
| (စ) | ၁၇ မှ ၁၈ | ၃၂၊ ၃၃ | အပိုဒ် ၇၇၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ဂ) |
| (ဆ) | ၂၃ | ၃၉ | အပိုဒ် ၈၈ အပိုဒ်ခွဲ(ဂ) |
| (ဇ) | ၂၅ | ၄၄ | အပိုဒ် ၈၉ အပိုဒ်ခွဲ(စ) |
| (ဈ) | ၂၉ | ၄၈ | အပိုဒ် ၉၆ ခြေဆင်း |
| (ည) | ၃၁ | ၅၂ | အပိုဒ် ၁၁၉ |

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်း ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းအစည်းအဝေးမှာ အကြေအလည်ဆွေးနွေး သဘောတူထားပြီးဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်၊ အတည်ပြုချက်များအတိုင်း သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏

**မူကြမ်း**

ထပ်မံပြင်ဆင်ချက်(၁၂)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၂)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့ အချက်(၁၅)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်တဲ့ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်က (၁၅)ချက်ရှိပါတယ်။ ထို(၁၅)ချက်ကိုလည်း ကန့်လန့်ဖြတ်ဇယားတွင် ဖော်ပြထားပြီးဖြစ်ပါတယ်။

သို့အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း ထားရှိမည့်(၁၅)ချက်ကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်(၁၅)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့် အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၅ | ၇ | အပိုဒ် ၃ အပိုဒ်ခွဲ(ဍ) |
| (ခ) | ၆ | ၈ | အပိုဒ် ၃ အပိုဒ်ခွဲ(င) အပိုဒ်ခွဲငယ်(၁) |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဂ) | ၈ မှ ၉ | ၁၂၊ ၁၃၊ ၁၄ | အပိုဒ် ၃ အပိုဒ်ခွဲ(ဖ)၊ အပိုဒ်ခွဲ(ဗ)၊ အပိုဒ်ခွဲ(ဘ) ခြေဆင်း |
| (ဃ) | ၁၁ | ၁၇ | အပိုဒ် ၂၁ အပိုဒ်ခွဲ(က) |
| (င) | ၁၄ မှ ၁၆ | ၂၄၊ ၂၅၊ ၂၆ | အပိုဒ် ၆၀ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဇ) |
| (စ) | ၁၇ | ၂၈ | အပိုဒ် ၆၁ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ) |
| (ဆ) | ၂၀ | ၃၄ | အပိုဒ် ၈၃ အပိုဒ်ခွဲ(င) |
| (ဇ) | ၂၁ | ၃၆ | အပိုဒ် ၈၄ အပိုဒ်ခွဲ(ဂ) |
| (ဈ) | ၂၄ | ၄၂ | အပိုဒ် ၈၈ အပိုဒ်ခွဲ(ဃ) |
| (ည) | ၃၀ | ၅၀ | အပိုဒ် ၁၁၁ ခြေဆင်း |

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်း ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းအစည်းအဝေးမှာ ဆွေးနွေးသဘောတူထားတာဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်၊ အတည်ပြုချက်များအတိုင်း သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၅)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏

ပြင်ဆင်ချက်(၁၅)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၁၂)ချက်အနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘော မတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်းထားရှိသင့်သည့် အချက်(၁၅)ချက် စုစုပေါင်း(၂၇)ချက်ကို လွှတ်တော်ကအတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ကပေးပို့လာတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်တဲ့ ၂၈-၁၁-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များ ဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ထိုဥပဒေကြမ်းကို ၁၃-၃-၂၀၁၉ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှပြန်လည်ပေးပို့လာခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက်က (၁၂)ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်က (၁၅)ချက်ရှိပါတယ်။ စုစုပေါင်း အချက်(၂၇)ချက်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောထားကွဲလွဲခဲ့ပါတယ်။ ထိုသို့သဘောထားကွဲလွဲတဲ့အချက်(၂၇)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၂၇)ချက်နဲ့စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာဖြစ်ပွားလျက်ရှိ သော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများဖြစ်ပွားစေနိုင်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာအသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်အောင်လွင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့

နိုင်ငံသားများ ကင်ဆာရောဂါဘေးအန္တရာယ်မှကင်းဝေးပြီးတော့ သက်ရှည်ကျန်းမာစွာနေနိုင်ကြဖို့ အဆိုတစ်ရပ်တင်သွင်းသွားမှာပါခင်ဗျား။ ကင်ဆာရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာသာမက ကမ္ဘာနှင့် အဝှမ်းမြင့်မားစွာဖြစ်ပွားသေဆုံးလျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် စာရင်းများအရ ကမ္ဘာအဝှမ်းမှာ လူပေါင်း ၁၈.၁ သန်းဖြစ်ပွားခဲ့ပြီးတော့ ၉.၆ သန်းသေဆုံးခဲ့ပါတယ်။ ကမ္ဘာမှာသေဆုံးမှု ဒုတိယ အများဆုံးရောဂါပါ။ မြန်မာနိုင်ငံမှာတော့ ၂၀၁၈ ခုနှစ် စာရင်းအရ ဖြစ်ပွားသူ ၆၉၅၅၄ ဦးရှိ ပြီးတော့ ၅၁၀၅၉ ဦးဟာသေဆုံးခဲ့ပါတယ်။ သုတေသနပြုချက်တွေအရ အမျိုးသားငါးယောက်မှာ တစ်ယောက် ကင်ဆာဖြစ်ပွားနေပြီးတော့ အမျိုးသမီး ခြောက်ယောက်မှာ တစ်ယောက်ဖြစ်ပွားနေတယ်လို့ သိရပါ တယ်။ ကင်ဆာကြောင့် အမျိုးသားရှစ်ယောက်မှာ တစ်ယောက်သေဆုံးပြီးတော့ အမျိုးသမီး ၁၁ ယောက်မှာ တစ်ယောက်သေဆုံးတယ်လို့လည်း သိရပါတယ်။ ကင်ဆာနဲ့သေဆုံးသူတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ဝင်ငွေနိမ့်ကျသူတွေ၊ ဝင်ငွေအလယ်အလတ်ရှိသူတွေလို့ WHO ကဆိုပါတယ်။ အဖြစ် အများဆုံးကင်ဆာတွေကတော့ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သား ကင်ဆာနှင့် အသည်းကင်ဆာတွေ ဖြစ်ပါတယ်။ ကင်ဆာရောဂါဖြစ်ပွားရတဲ့အကြောင်းအရင်းသုံးခု ကတော့ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်တဲ့လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပွားခြင်း၊ စားသောက်နေထိုင်မှု စရိုက်နှင့် အန္တရာယ်ရှိတဲ့အစားအသောက်တွေကြောင့်ဖြစ်ပွားခြင်း၊ မျိုးရိုးဗီဇကြောင့် ဖြစ်ပွားခြင်းတွေ ပါ။ အဖြစ်များတဲ့ကင်ဆာရောဂါရဲ့ သုံးပုံတစ်ပုံဟာ ကာကွယ်လို့ရတယ်လို့ဆိုပါတယ်။ ကာကွယ် တားဆီးခြင်း၊ စောဆီးစွာရှာဖွေစမ်းသပ်ခြင်းနှင့် ကုသမှုခံယူခြင်းကြောင့် လူ့အသက် ၃.၇ သန်းအထိ နှစ်စဉ်ကယ်တင်နိုင်တယ်လို့ဆိုပါတယ်။ ကင်ဆာရောဂါဟာ ဆေးလိပ်သောက်သူတွေမှာအဖြစ်အများ ဆုံးဖြစ်ပြီးတော့ အရက်သောက်သူတွေမှာ ဒုတိယနှင့် ကျန်းမာရေးနှင့်မညီညွတ်တဲ့စားသောက်မှုပုံစံနဲ့ ကိုယ်လက်လှုပ်ရှားမှုလုပ်လေ့မရှိသူတွေမှာဖြစ်တတ်တယ်လို့ WHO အစီရင်ခံစာမှာ ထုတ်ပြန်ထားပါ တယ်။ ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာနဲ့သေဆုံးနိုင်ခြေ ၂၅ ဆ ပိုများတယ်လို့ဆိုပါတယ်။ ကင်ဆာရောဂါနဲ့သေဆုံးမှု သုံးခုမှာ တစ်ခုဟာ ဆေးလိပ်သောက်ခြင်း ကြောင့်ပါ။ ဆေးလိပ်ငွေ့မှာကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်း ၇၀ နီးပါးပါဝင်ပါတယ်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်သူများဟာ ကိုယ်တိုင်ဆေးလိပ်သောက်သုံးသူများနည်းတူ ရောဂါရရှိစေပါတယ်။ ကင်ဆာကြောင့်သေဆုံးသူတွေရဲ့ ၁၀ ရာခိုင်နှုန်းဟာ ကိုယ်တိုင်ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူ မဟုတ်ဘဲ အခြားသူသောက်သုံးတဲ့ဆေးလိပ်ငွေ့ကိုရှူရှိုက်မိလို့ဖြစ်ပြီးတော့ အဲဒီထဲက ၇၅ ရာခိုင်နှုန်း ဟာ အမျိုးသမီးနဲ့ကလေးတွေဖြစ်နေတာ ဝမ်းနည်းစရာကောင်းလှပါတယ်။ ဆေးလိပ်သောက်ခြင်း

ကြောင့် အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ မုတ်ညိုအိတ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာ၊ စအိုထိပ်ကင်ဆာနှင့် အစာပြွန်ကင်ဆာများ ဖြစ်ပွားစေတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဥပဒေအရ ဆေးလိပ်သောက်ခွင့်မရှိတဲ့နေရာများ၊ အများပြည်သူနှင့်သက်ဆိုင်တဲ့နေရာများ၊ အစိုးရနှင့် သက်ဆိုင်တဲ့အဆောက်အဦများ၊ အလုပ်နေရာများ၊ ယာဉ်/ရထားများ၊ လူအများတည်းခိုနေထိုင်ရန် အပန်းဖြေစရာနေရာများမှာ ထိရောက်စွာတားမြစ်ဖို့လိုသလို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေတွေ တိုးချဲ့သတ်မှတ်ဖော်ဆောင်သင့်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့တွေ နေ့စဉ်စားသုံးနေတဲ့ လက်ဖက်၊ ဆနွင်းမှုန့်၊ ငရုတ်မှုန့်၊ ငါးပိ၊ ပုဇွန်ခြောက်၊ မျှစ်၊ ပဲဝါ၊ ဆော့စ်အမျိုးမျိုး၊ ဝက်ဥချောင်း၊ ကြက်ဥချောင်း၊ အချိုရည်၊ ဝေဖာ၊ ဂျယ်လီ၊ ဇီးထုပ် စတာတွေမှာ Rhodamine B၊ Auramine orange-II ဆိုတဲ့ Sudandine စတဲ့ အန္တရာယ်ရှိ ခွင့်မပြုဆိုးဆေးတွေဆိုးထားတာကြောင့် အသည်းကင်ဆာ ဖြစ်စေပါတယ်။ ဈေးထဲက ငှက်ပျောသီး၊ သဘော်သီး၊ သရက်သီး၊ လိမ္မော်သီးစတဲ့အသီးအနှံတွေကို မှည့်ဆေးတွေ ဖျန်းထား၊ စိမ်ထား၊ တာရှည်ခံဆေးတွေစိမ်ထားလို့ကင်ဆာဖြစ်စေပါတယ်။ အသီးအရွက်တွေမှာလည်း အတိုင်းအဆမရှိ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး သုံးထားတဲ့ဓာတ်ကြွင်းတွေကြောင့် ကင်ဆာဖြစ်စေပါတယ်။ လမ်းဘေးလက်ဖက်ရည်ဆိုင်ကအစ စားဖွယ်စုံဆိုင်ကြီးတွေမှာ အင်ဂျင်ဝိုင်ဟောင်းလိုညိုမည်းနေတဲ့ ပြန်ကြော်ဆီတွေနဲ့ကြော်ထားတဲ့ ဆမူဆာ၊ အီကြာကွေး၊ ပလာတာတွေဟာ ကြာရှည်စားမိရင် အသံအိုးကင်ဆာ၊ အစာအိမ်နဲ့ အူလမ်းကြောင်းကင်ဆာတွေ ဖြစ်စေပါတယ်။ ပြည်ပနိုင်ငံတွေက တင်သွင်း လာတဲ့ ဒုတ်ထိုးအကင်တွေ၊ အအေးခဲအသားတွေဟာ တာရှည်ခံဆေးတွေနဲ့ အအေးခန်းထဲ ကြာရှည် ထားလို့ ဓာတ်တိုးမှုဖြစ်ပြီးတော့ ကင်ဆာဖြစ်စေပါတယ်။ တို့စားတဲ့အချဉ်တွေမှာ ငရုတ်ဆီ၊ ငရုတ် အချဉ်ရည်အစား ဆာလဖျူရစ်အက်ဆစ်အခြေခံသုံးထားလို့ စားပါများရင် အစာအိမ်ကင်ဆာ ဖြစ်စေတာပါ။ ရေချိုငါးပိ၊ ငါးခြောက်၊ ငံပြာရည်တွေမှာ ယူရီးယားဓာတ်မြေသြဇာထည့်တာ၊ ပိုးမတက်၊ ယင်မနားအောင် ယင်ဆေးခဲတွေသုံးတာ၊ ပဲပြား၊ မုန့်ဖတ်တွေကိုတာရှည်ခံအောင် ဖော်မလင်သုံးတာ၊ ရေမြောင်းဆီ၊ ပြန်ကြော်ဆီတွေကို ဓာတုဆေးနဲ့ အရောင်ချွတ် ပဲဆီနဲ့ထွက်ပြီးရောင်းချနေတာ၊ ငါးမုန့်၊ အာလူးချောင်းကြော်တွေကြော်တာ။ ဗွက်ဗွက်ဆူနေတဲ့ဟင်းရည်ကို ပလတ်စတစ်ခွက်နဲ့ခပ်၊ ပလတ်စတစ်အိတ်နဲ့ထည့်တာ။ တစ်ဖက်နိုင်ငံကုန်တိုက်ကြီးတွေက စွန့်ပစ်လိုက်တဲ့ ဒိတ်လွန်၊ သက်တမ်းလွန်စားသောက်ကုန်နှင့် အချိုရည်တွေကိုရက်စွဲခွာရောင်းတာ၊ ဆေးဝါးအတုတွေ ရောင်းချနေတာ။ တာရှည်ခံစားသောက်ကုန်၊ စည်သွပ်ဘူး၊

အချိုရည်၊ အသင့်ထုပ်ပိုးအစားအစာအစားများတာ စတဲ့ကျန်းမာရေးနှင့်မညီတဲ့စားသောက်နေထိုင်မှုတွေဟာ ကျွန်တော်တို့တစ်မျိုးသားလုံးကို ကင်ဆာ ဘေးဆိုးဆီကို တွန်းပို့နေတာပါ။ ဆင်းရဲမွဲတေမှုဟာ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစားအစာကို ရွေးချယ်စားသုံးမှုမပြုနိုင်ဘဲနဲ့ ဈေးပေါတာနဲ့ နပ်မှန်အောင်ရုန်းကန်နေကြရတာပါ။ ကျွန်တော်တို့နေ့စဉ်စားသောက်နေတဲ့ အစားအစာတွေဟာ အစာလည်းဆေး၊ ဆေးလည်းအစာ၊ အသက်ရှည်ရာအနာမဲ့ကြောင့် ကောင်းမြတ်တဲ့အရာတွေဖြစ်ရမယ့်အစား အဆိပ်သင့်တဲ့အစာတွေကို ကျွန်တော်တို့စားနေကြရတာပါ။ လူတွေရဲ့ ဝိသမလောဘတွေက ဘယ်သူသေသေငတေမာ စိတ်ဓာတ်တွေဖြစ်လာပြီးတော့ မိမိငွေရဖို့အဓိက စားသုံးသူရောဂါရတာ ငါနဲ့မဆိုင်ဆိုတဲ့ လုပ်ရပ်တွေကို ကျွန်တော်တို့အသိပညာတွေပေး ဥပဒေနဲ့အညီ ထိရောက်စွာတားဆီး ကာကွယ်ဖို့လိုပါတယ်။ ဒေသချက်အရက်တွေမှာ ဓာတ်မြေဩဇာ၊ အင်ဒရင်း၊ ရော်ဘာ၊ မတ်သနောစတဲ့ ဓာတုပစ္စည်းတွေပါနေလို့ အသည်းကင်ဆာ၊ အစာအိမ်လမ်းကြောင်း ကင်ဆာတွေ ဖြစ်စေတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက် စတာတွေကို အခွန်အကောက်တိုးမြင့် ဥပဒေနှင့်တင်းတင်းကျပ်ကျပ် ထိထိရောက်ရောက်ဆောင်ရွက်သင့်ပါပြီ။ ၂၀၁၂ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ကင်ဆာအားလုံး ရဲ့ ၁၅ ရာခိုင်နှုန်းဟာ အသည်း ရောင်ဘီပိုး၊ စီပိုး၊ အစာအိမ်ပိုး၊ သားအိမ်ခေါင်း ကင်ဆာပိုးတွေ၊ ကာလရှည်ကြာဝင်ရောက်လို့ ဖြစ်ပွားတာပါ။ ဒါကြောင့် ရောဂါစစ်ဆေးပြီးတော့ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့်လည်း တားဆီးကာကွယ်နိုင်ပါတယ်။ ဒါ့အပြင် မျိုးရိုးဗီဇကြောင့် မဟုတ်ဘဲနဲ့ Physical Carcinogens လို့ခေါ်တဲ့ ကင်ဆာဖြစ်စေတဲ့ ခရမ်းလွန်ရောင်ခြည်၊ ဓာတ်ရောင်ခြည်နဲ့ထိတွေ့မှုများတာ၊ Chemical Carcinogens ခေါ်တဲ့ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းများဖြစ်တဲ့ အိမ်အမိုး၊ နံရံကပ်အပူခံပစ္စည်း၊ ဆေးလိပ်မီးခိုးမှာပါတဲ့ဓာတုပစ္စည်း၊ အစားအသောက်မှာပါတဲ့ Alphatoxin၊ သောက်ရေမှာပါတဲ့ (Arsenic)အဆိပ်၊ Biological Carcinogens လို့ခေါ်တဲ့ ကင်ဆာဖြစ်စေတဲ့ ဇီဝ ပစ္စည်း၊ ပိုးမွှားများနဲ့ထိတွေ့မှုတွေကို တတ်နိုင်သမျှ ရှောင်ရှားကြရမှာပါ။ Organic သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်တွေကို များများစားပေးမယ်။ လေ့ကျင့်ခန်းပုံမှန်လုပ်မယ်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်တွေကို ရှောင်မယ်ဆိုရင် ကင်ဆာနဲ့သေဆုံးမှုကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်တယ်လို့ WHO က အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။

အသက်ကို ဉာဏ်ပညာနဲ့စောင့်ရှောက်ကြရတော့မှာပါ။ ဒီနေရာမှာတင်ပြချင်တာက ဂျပန် အစိုးရဟာ သူ့နိုင်ငံသားတွေအတွက် ဘေးကင်းလုံခြုံစိတ်ချရတဲ့ စားသောက်ကုန်များကိုသာ တင်သွင်း

ရောင်းချခွင့်ပြုတာပါ။ နိုင်ငံသားတွေ ကျန်းမာရေးဆိုးကျိုးဖြစ်စေနိုင်တဲ့စားသောက်ကုန်တွေကို လုံးဝ တင်သွင်းရောင်းချခွင့်မပြုဘဲနဲ့ အထူးကြပ်မတ်စိစစ်တာပါ။ ဂျပန်တွေကျန်းမာအသက်ရှည်ခြင်းရဲ့ အကြောင်းအရင်းတွေကတော့ လှုပ်လှုပ်ရှားရှား အလုပ်လုပ်တဲ့ဘဝနေနည်း၊ ကျန်းမာရေးအသိမြင့်စေဖို့ လေ့လာမှု၊ စိမ်းလန်းတဲ့သဘာဝပတ်ဝန်းကျင်နဲ့နေထိုင်မှု၊ ပင်လယ်ငါး၊ ပင်လယ်စာနှစ်သက်စားသုံးမှု၊ ဆီနဲ့အင်လျှော့စားမှု၊ ကျန်းမာရေးကို အစိုးရက မူဝါဒဦးစားပေးဖြင့် သတ်မှတ်ထားမှု စတာတွေကြောင့်လို့ဆိုပါတယ်။ ဒါကြောင့် နိုင်ငံသူနိုင်ငံသားတွေ ကင်ဆာရောဂါဘေးဆိုးကကင်းလွတ်ပြီးတော့ သက်ရှည်ကျန်းမာရောဂါကင်းဝေးဖို့ ကျွန်တော့်အနေနဲ့ တင်သွင်းလိုတဲ့အဆိုကတော့ နိုင်ငံအဝန်းစိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိတဲ့ ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ဖြစ်ပွားစေနိုင်တဲ့ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါရှင့်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဦးကျော်အောင်လွင်ရဲ့အဆိုကို လွှတ်တော်မှလက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုမှာ ကင်ဆာဖြစ်စေနိုင်တဲ့အရာတွေနဲ့ ဖြစ်နိုင်တဲ့ကင်ဆာများကို ပြည့်စုံစွာဖော်ပြရတဲ့အတွက် လိုအပ်ချက်များကိုသာ ဖြည့်စွက်အကြံပြုထောက်ခံသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ကင်ဆာရောဂါဆိုတာကို ဖော်ပြလိုပါတယ်။ လူ့ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ အသေးဆုံးအစိတ်အပိုင်းဟာ ဆဲလ်များဖြစ်ပါတယ်။ ကင်ဆာရောဂါဟာ ထိုအသေးဆုံးဆဲလ်များမှ စတင်ဖြစ်ပွားတဲ့ရောဂါတစ်မျိုးဖြစ်ပါတယ်။ ခန္ဓာကိုယ်မှာ ပုံမှန်ဆဲလ်များဟာ ကုဋေပေါင်းသိန်းသန်းချီပြီးတော့ ရှိနေပါတယ်။ ၎င်းဆဲလ်များရဲ့ကြီးထွားမှု၊ ပွားများမှု၊ ရပ်တန့်မှု၊ သေဆုံးမှုများကို အစီအစဉ်တကျဖြစ်အောင် စနစ်တစ်ခုနဲ့ထားပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မူမမှန်သောဆဲလ်များ

ထိန်းချုပ်မှုကင်းမဲ့စွာ ပွားများလာခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားခြင်းဖြစ်ပါတယ်။ ခန္ဓာကိုယ်မည်သည့် နေရာမဆို ကင်ဆာရောဂါဖြစ်နိုင်ပါတယ်။ ကင်ဆာရောဂါဟာ မကူးစက်ရောဂါတစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဒီ Slide ကတော့ မြန်မာ့ကင်ဆာပြဿနာများအတွက် ဆောင်ရွက်ရန်များလို့ဖော်ပြထားတဲ့ လုပ်ငန်းလမ်းညွှန် တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းလမ်းညွှန်ကိုရေးသားဖော်ပြခဲ့သူကတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ မြန်မာ့ ဆေးပညာရှင် ဆေးပညာပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင် ဖြစ်ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းကို တစ်ဖြည်းဖြည်းခြိမ်းခြောက်လာမယ့် ကင်ဆာရောဂါဆိုးကြီးနဲ့ပတ်သက်ပြီး လွန်ခဲ့သောနှစ် ၂၀ ခန့်က တည်းက မျှော်မှန်းပြီးလုပ်ဆောင်လိုခဲ့တဲ့လမ်းညွှန်ချက်များပဲ ဖြစ်ပါတယ်။ အင်မတန်ရိုးစင်းပြီး လူတိုင်း နားလည်လွယ်တဲ့ လမ်းညွှန်ချက်ဖြစ်တဲ့အတွက် ကျွန်မ ကိုးကားဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ ကင်ဆာလောကအတွက် အခြေအနေသုံးခုကို သိရှိရန်လိုအပ်ပါတယ်။ အဲဒါတွေကတော့ ကင်ဆာ ပြဿနာအခြေအနေမှန်၊ ကင်ဆာရောဂါစောင့်ရှောက်ရေးအခြေအနေမှန်နဲ့ ကာကွယ်ရေးအခြေအနေ မှန်များပဲဖြစ်ပါတယ်။ ကင်ဆာပြဿနာအခြေအနေမှန်သိရှိထားဖို့ လိုအပ်ပါတယ်။ ကင်ဆာရဲ့ဖြစ်ပွား နှုန်း၊ သေဆုံးမှုနှုန်းများကို အသက်အပိုင်းအခြားအလိုက်၊ ကျား/မအလိုက်၊ အလုပ်အကိုင်အလိုက်၊ နေထိုင်စားသောက်မှုပုံစံအလိုက်၊ အရပ်ဒေသအလိုက် စသည်ဖြင့် ကိန်းဂဏန်းများနဲ့ထားရှိဖို့ လိုအပ် ပါတယ်။ နောက်ကင်ဆာရဲ့ကုန်ကျစရိတ်ကို ကင်ဆာကိုအဖြေရရန်စစ်ဆေးသည်မှာ ကုသပြီးသည် အထိ နိုင်ငံတော်မှစိုက်ထုတ်ငွေနဲ့ လူနာရှင်မှစိုက်ထုတ်ငွေများကိုလည်း ရောဂါအလိုက်ပြုစုထားရှိရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီကင်ဆာပြဿနာအခြေအနေမှန်နဲ့ပတ်သက်ပြီး ကင်ဆာမှတ်တမ်းဌာန၊ ကင်ဆာ Registry Department များကို ဆေးရုံကြီးများမှာ ဖွင့်လှစ်ထားတဲ့အတွက် ကြိုဆိုပါတယ်။ ဒါ့အပြင် WHO နဲ့ပူးပေါင်းပြီး Staff Survey များကို ရန်ကုန်မြို့အပါအဝင် မြို့ကြီးအချို့မှာ စစ်တမ်း ပြုစုကောက်ယူထားတယ်ဆိုတာကို LCD ဆေးပညာဌာနမှ လွှတ်တော်သို့လာရောက်ဆွေးနွေးစဉ် သိရှိ ရတဲ့အတွက် အထူးပဲဝမ်းမြောက်ပါတယ်။ ဒီ ၂၀၁၄ ခုနှစ် Staff Survey မှာ မြန်မာနိုင်ငံ အရွယ် ရောက်ရှိပြီးသူတိုင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာ မကူးစက်ရောဂါများဖြစ်တဲ့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ ထိခိုက်ဒဏ်ရာရမှု၊ စိတ်ရောဂါ စသည်တို့အနက် တစ်ခုကိုဖြစ်နေပြီး မြန်မာ့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်း ဟာ LCD ရောဂါထဲက သုံးခုရဲ့အနည်းဆုံးခြိမ်းခြောက်မှုကို ခံနေရပါတယ်။ မြန်မာနိုင်ငံမှာ မကူးစက်

သောရောဂါများနဲ့ပတ်သက်ပြီး သေဆုံးမှုရာခိုင်နှုန်း၊ သေဆုံးနိုင်ဖွယ်ရာ ရာခိုင်နှုန်း၊ အသက်အပိုင်းအခြားအလိုက် အမျိုးသားများ ဆေးလိပ်နှင့် ဆေးရွက်ကြီးအသုံးပြုမှုနှုန်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်မြင့်မားလာမှုနှုန်း၊ စားသုံးသင့်သောအသီးအနှံ၊ ဟင်းသီးဟင်းရွက် တစ်နေ့တာ သတ်မှတ်ချက်ထက် လျော့နည်းစားသောက်နေထိုင်ခြင်း စသည်ဖြင့် Staff Survey မှာ အသေးစိတ်ဖော်ပြတဲ့အတွက် အင်မတန်စိတ်ဝင်စားစရာကောင်းပါတယ်။ ဒီလို Survey မျိုးကို မြို့နယ်ကျေးလက်ဒေသများအရောက်ကွင်းဆင်းသုတေသနပြုစုသင့်ပါတယ်။ ဒါမှလည်း တိကျတဲ့ကျန်းမာရေးစနစ်များရရှိပြီး ကင်ဆာအခြေအနေမှန်ကို အနီးစပ်ဆုံးသိရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နောက်တစ်ပိုင်းအနေနဲ့ ကင်ဆာရောဂါစောင့်ရှောက်မှုအပိုင်းနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်။ ကင်ဆာရောဂါဟာ နည်းလမ်းသုံးသွယ်နဲ့ကုသပါတယ်။ ဓာတ်ရောင်ခြည်နဲ့ကုသခြင်းနဲ့ ဆေးဝါးများကုသခြင်းဖြစ်ပါတယ်။ ဒီလိုကုသနိုင်ဖို့အတွက် Oncologist ကင်ဆာအထူးကုဆရာဝန်များ၊ ကင်ဆာ Team အတွက်ဆရာဝန်များ၊ ခွဲစိပ်ဆရာဝန်ကြီးများ၊ ရောဂါရှာဖွေကုသရန်အတွက် ဓာတ်ခွဲခန်းများ၊ ကင်ဆာရှာဖွေရေးစက်များဖြစ်တဲ့ X-ray၊ CT Scan၊ MRI၊ Radio Isotope Scan များ၊ Ultrasound၊ Endoscopy စသည့်စက်များ၊ ကုသရန်အတွက် ဓာတ်ရောင်ခြည်စက်များ၊ ကုသသည့်ဆေးဝါးတို့အတွက် အခြေအနေမှန်များကို ကျွန်မတို့ ပြုစုထားရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ကင်ဆာကုသနိုင်တဲ့ဆေးရုံ ၁၄ ရုံရှိပြီး သင့်တော်တဲ့စီမံချက်များချမှတ်ပြီး လိုအပ်မှုများကိုဖြည့်ဆည်းပေးနေပါတယ်။ လိုအပ်တဲ့ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်သူများကို ပြည်တွင်းပြည်ပများမှာ လေ့ကျင့်သင်ကြားလျက်လည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ပိုင်းကတော့ ကင်ဆာရောဂါကာကွယ်ရေးအခြေအနေ ဖြစ်ပါတယ်။ ကင်ဆာအကြောင်း ကျန်းမာရေးပညာပေးခြင်းကို လူထုအတွင်းမှာ ယခုထက်ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ကင်ဆာဟာ စောစီးစွာသိနိုင်ရင် အသက်ကယ်နိုင်တဲ့အတွက် ဘယ်လိုလက္ခဏာတွေဟာ ကင်ဆာဖြစ်နိုင်ကြောင်းနှင့် မိမိကိုယ်တိုင်စမ်းသပ်နည်းများကို ဒီ့ထက်ပညာပေးလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ အဓိကအနေနဲ့ပဏာမကာကွယ်ရေးများကို လူထုသိရှိရန် ပညာပေးသင့်ပါတယ်။ ဥပမာ-ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းများပါဝင်နေတဲ့အစားအသောက်၊ အသုံးအဆောင်များကို စားသောက်ထိတွေ့နေထိုင်ရတဲ့အတွက် ကင်ဆာဖြစ်ပွားနိုင်ကြောင်း ဓာတုပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆေးလိပ်၊ ဆေးရွက်ကြီးများသောက်သုံးခြင်းမှ ရှောင်ကြဉ်မည်ဆိုပါက အဆုတ်

ကင်ဆာ၊ အစာအိမ်နဲ့ အူလမ်းကြောင်းကင်ဆာများကို များစွာလျှော့ချနိုင်ကြောင်း၊ လူများရဲ့ အစားအသောက် ဓလေ့ပြုပြင်ရေးပညာပေးခြင်းနဲ့ ဒီ့အပြင် လုပ်ငန်းခွင်နှင့်ကင်ဆာအရေး၊ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှုများနှင့် ကင်ဆာအရေးများကို လူထုအတွင်း အသိပညာမြင့်တက်အောင် အသိပညာပေးသင့်ပါတယ်။ ကာကွယ်ရေးလုပ်ငန်းများနှင့်လည်း ပတ်သက်ပြီး နိုင်ငံတော်အစိုးရမှ လိုအပ်သောဥပဒေများ၊ မူဝါဒများချမှတ်တာတွေ့ရပြီး လိုက်နာစောင့်ကြပ် ထိန်းကျောင်းမှုအားနည်းနေတာကို တွေ့ရပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူကာကွယ်ရေးဦးစီးဌာနများသည်လည်း ချမှတ်ထားသောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ပိုမိုလုပ်ဆောင်သင့်ပါတယ်။ အထူးကုန်စည်ခွန်များအဖြစ် တိုးမြှင့်ကောက်ခံနေခြင်းဖြင့်လည်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များ စားသုံးမှုများကို ထိန်းချုပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေဖြင့် ကင်ဆာနဲ့ပတ်သက်ပြီး လုပ်စရာတွေကအများကြီးဖြစ်နေပြီး လုပ်မယ့်သူနဲ့ငွေကြေးအလုံအလောက်မရှိဘူးရယ်လို့ လျစ်လျူရှုထားမယ်ဆိုရင် နောင်တစ်ခါမှာ မလိုလားအပ်တဲ့နိုင်ငံ့ဝန်ထုပ်ဝန်ပိုးဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံးရဲ့မျက်မှောက်ရော၊ အနာဂတ်ကျန်းမာရေးကို အဆုံးအဖြတ်ပေးမယ့် ကင်ဆာရောဂါလျှော့ချတိုက်ဖျက်ရေးအတွက် နိုင်ငံတော်ရဲ့ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနမှဦးဆောင်ပြီး အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအပါအဝင် နိုင်ငံသားတစ်ဦးချင်းစီကပါ အလေးအနက်ထား လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် အထူးလိုအပ်ပါကြောင်းနှင့် ဦးကျော်အောင်လွင်ရဲ့အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း လေးစားစွာထောက်ခံဆွေးနွေးအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးကျော်အောင်လွင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသောနိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ

ဖြစ်ပွားလျက်ရှိသောကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ဖြစ်ပွားစေနိုင်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာအသိပညာပေးတားဆီးကာကွယ် စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀-၅-၂၀၁၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာ ဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် ကိုယ်စားလှယ် ၁၀ ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအေး(မိုးရှူးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းထားတဲ့ အဆိုအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာပေါ်မှာ မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံအသီးသီးက ရင်ဆိုင်ဖြေရှင်းနေကြရပါတယ်။ ဒါပမဲ့လည်း မူးယစ်ဆေးဝါးပြဿနာကို လုံးဝပပျောက်သွားအောင် ဖြေရှင်းသွားနိုင်မည့် နည်းလမ်းဆိုတာ အခုချိန်အထိ မရှိသေးပါဘူး။ မူးယစ်ဆေးဝါးကို ကောင်းကျိုးအတွက်အသုံးပြုနေတာလည်း ရှိပါတယ်။ စက်မှုဖွံ့ဖြိုးပြီး ချမ်းသာတဲ့နိုင်ငံတွေတောင် မူးယစ်ဆေးဝါးပြဿနာကို အမြစ်ပြတ်အောင်မဖြေရှင်းနိုင်ကြရင် မြန်မာနိုင်ငံလိုဆင်းရဲပြီး အဂတိတရားထူပြောတဲ့ နိုင်ငံအဖို့ ဘယ်လိုအောင်မြင်အောင် ဆောင်ရွက်သွားမလဲဆိုတာက စိန်ခေါ်မှုတစ်ခုဖြစ်နေပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ ဘိန်းကနေစတာဖြစ်ပါတယ်။ ဘိန်းသီးနှံကို ဆောင်းရာသီကာလမှာ စိုက်ပျိုးကြလေ့ရှိပါတယ်။ ဘိန်းပင်ဟာ အအေးဒဏ်ကိုခံနိုင်တဲ့အတွက် တောင်ပေါ်ဒေသ ရာသီဥတုနှင့်သဟဇာတဖြစ်တဲ့ သီးနှံအမျိုးအစားဖြစ်ပါတယ်။ မြေဆီသြဇာစုတ်ယူမှုနည်းပါးသလို နှစ်သီးစား စိုက်ပျိုးလို့လည်းရပါတယ်။ ဘိန်းစိုက်ပျိုးတဲ့ဒေသတွေမှာ တခြားသီးနှံတွေစိုက်ပျိုးရင် သိပ်ပြီးမဖြစ်ထွန်းသလို စိုက်ပျိုးလို့ရခဲ့ရင်လည်း ဈေးကွက်နှင့် မိသားစုစားဝတ်နေရေးအတွက် အာမခံချက်မရှိပြန်ဘူးလို့ဆိုပါတယ်။ ဘိန်းဟာနှစ်တိုသီးနှံဖြစ်ပြီး အကျိုးအမြတ်သေချာတဲ့အတွက် ဘိန်းစိုက်ရာသီရောက်ရင် စိုက်စရိတ်ချေးပေးမည့်လူတွေက အလုအယက်တန်းစီးနေပါတယ်။ ဘိန်းစိုက်ပျိုးမှုကနေရရှိတဲ့ ဝင်ငွေရဲ့ ၃၀ ရာခိုင်နှုန်းကို စိုက်ပျိုးစရိတ်နှင့်အခွန်အခပေးဆောင်ရခြင်းအတွက် ကုန်ကျရပါတယ်။ ဘိန်းစိမ်းဟာနှစ်ရှည်အထားခံပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ထောင်စုပေါင်း ၃ သိန်းခန့်ဟာ စားဝတ်နေရေးအတွက် ဘိန်းစိုက်ပျိုးရေးကို အမှီသဟဲပြုနေကြရတယ်လို့ သိရပါတယ်။ မိမိစားဝတ်နေရေးအတွက် ရွေးချယ်စရာမရှိတဲ့ ဘိန်းစိုက်တောင်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုအပေါ်မှာ ပြည်သူအများစုက

အမြဲတမ်းအဆိုးမြင်တာခံရလေ့ရှိပါတယ်။ ဘိန်းစိုက်ပျိုးသူတွေအပေါ် ထင်မြင်လွဲမှားစေတဲ့အချက်တွေကိုလည်း မီဒီယာတွေက အများအားဖြင့် ဖော်ပြနေတာတွေ့ရှိရပါတယ်။

ဘိန်းစိုက်တောင်သူတွေရဲ့ဘဝကို ငပျင်းတွေဖြတ်လမ်းနည်းနဲ့ ချမ်းသာခြင်ကြသူတွေလို့ ပုံဖော်ခြင်းခံရလေ့ရှိပါတယ်။ ဒါတင်မကသေးဘဲ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဟာ တိုင်းရင်းသားဒေသဆီက လာတာ။ တိုင်းရင်းသားတွေကပဲ စိုက်ပျိုးတာလို့ တည့်တည့်မပြောရုံတမည် ရေးသားနေကြပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးမှန်သမျှ တိုင်းရင်သားလက်နက်ကိုင်အဖွဲ့အစည်းတွေ ထိန်းချုပ်ထားတဲ့ နယ်မြေဆီကနေ ထွက်လာတယ်ဆိုတဲ့ အယူအဆခိုင်မြဲအောင်ပါ နိုင်ငံရေးအရ ကျုံးသွင်းခံရပါတယ်။ ကိုလိုနီစနစ်ကြောင့်၊ အုပ်ချုပ်သူအစိုးရကြောင့်ဆိုတဲ့ အပြောအဆိုမတွေ့ရသလို နိုင်ငံရေးပရိယာယ်အဖြစ်အသုံး ချတာကိုပါ ခံနေရပါတယ်။ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှုကို လျှော့နည်းချုပ်ငြိမ်းဖို့ဆိုရင် ရေတိုဖြေရှင်း နည်းနဲ့မအောင်မြင်နိုင်ဘဲ ရေရှည်စီမံကိန်းတစ်ရက်ကို ရေးဆွဲအကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ တောင်ပေါ်နေတိုင်းရင်းသားတွေဟာ ယခင်ကဘိန်းကို စိုက်ပျိုးခဲ့ကြပါတယ်။ ၁၉၆၉ ခုနှစ်မှာ ထိုင်းအစိုးရက ဘိန်းစိုက်ပျိုးမှုမြင့်မားနေတာကို လျှော့ချဖို့အတွက် မူဝါဒတစ်ရပ်ချမှတ်ခဲ့ပါတယ်။ အဲဒီမူဝါဒအရ ပုံမှန်ဆောင်ရွက်နေကြ ဘိန်းခင်းဖျက်စီးရေးလှုပ်ရှားမှုအစား တောင်ပေါ်နေတိုင်းရင်းသားများအတွက် လူမှုဘဝမြင့်တင်ပြောင်းလဲရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။ အစားထိုးသီးနှံစိုက်ပျိုးခြင်းကို နိုင်ငံတော်အဆင့် ဖွံ့ဖြိုးရေးစီမံကိန်းထဲ ထည့်သွင်းပြီး ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုဖွံ့ဖြိုးရေးအစီအစဉ်တွေ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေး၊ အိမ်တွင်းစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးစတဲ့ အခြေခံလိုအပ်ချက်တွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားတွေကို လုံလောက်တဲ့ဝင်ငွေရရှိစေပြီးမှ ဘိန်းစိုက်ပျိုးမှု လျှော့ချခြင်းကို ဆောင်ရွက်ခဲ့တဲ့အတွက် ဘိန်းပြန်လည်စိုက်ပျိုးခြင်း လုံးဝမရှိတော့ဘဲ ပပျောက်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးအစီအစဉ်ဟာ နှစ်ပေါင်း ၃ဝ ကြာမြင့်ခဲ့ပေမဲ့လည်း ထွက်ပေါ်လာတဲ့ အကျိုးရလဒ်ဟာ ရေရှည်တည်တံ့ပြီးအောင်မြင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးတိုက်ဖျက်ရေးအတွက် ဘိန်းခင်းတွေကို လိုက်လံဖျက်ဆီးနေတဲ့ဟာလည်း အဖြေမဟုတ်ပါဘူး။ ဘိန်းခင်းဖျက်ဆီးခံရတဲ့အတွက် အဓိကထိခိုက်နစ်နာကြရတာကတော့ ဘိန်းစိုက်တောင်သူတွေရဲ့ ဘဝတွေပဲ ဖြစ်ပါတယ်။ သူတို့မှာ ငွေချေးပြီး စိုက်ပျိုးထားကြရတာဖြစ်လို့ ဖျက်ဆီးခံလိုက်ရတဲ့အခါ နောက်တစ်ရာသီ အကြွေးပြန်ဆပ်နိုင်ဖို့အတွက် လက်ရှိနေရာမှာသော်

လည်းကောင်း၊ အခြားနေရာကို ပြောင်းရွှေ့ပြီးတော့လည်းကောင်း နှစ်ဆတိုးစိုက်ပျိုးထုတ်လုပ်ရပါတော့တယ်။ ဖျက်လေပိုစိုက်ရလေဆိုတဲ့ သဘောတွေ့ရတဲ့အတွက် သူတို့တွေရဲ့ဘဝဟာ ဝမ်းနည်းစရာကောင်းပါတယ်။ ဘိန်းလုံးလုံးမစိုက်ရတဲ့အခါ အိမ်နီးချင်းနိုင်ငံတွေစီ ရွှေ့ပြောင်းအလုပ်သမားတွေအဖြစ် ရောက်ရှိသွားကြပြီး မိသားစုဘဝတွေ ပြိုကွဲသွားကြရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိန်းစိုက်ပျိုးမှုကို ဆက်ပြီးအခွန့်ရှည့်စေတဲ့ အကြောင်းအရင်းတစ်ခုကတော့ ကာလရှည်ကြာနေပြီဖြစ်တဲ့ ပြည်တွင်းစစ်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးက နိုင်ငံရဲ့အနာဂတ်အတွက် အလွန်ပဲအရေးကြီးပါတယ်။ မူးယစ်ဆေးပြဿနာနှင့်ဘိန်းစိုက်ပျိုးမှု လျှော့နည်းကျဆင်းဖို့ဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေးဆန္ဒရှိရှိနဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုဖြစ်ထွန်းအောင် ဆောင်ရွက်သွားဖို့လိုပါမယ်။ တာဝန်ရှိသူတွေအနေနဲ့လည်း ဘိန်းစိုက်တောင်သူများရဲ့ဘဝနဲ့ခံစားချက်ကို နားလည်အောင်ကြိုးစားပြီး တင်းကျပ်တဲ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒတွေကို လက်တွေ့ကျအောင် ပြင်ဆင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ငြိမ်းချမ်းရေးဝေးနေသမျှ ဘိန်းပန်းတွေလည်း မွေးနေအုံးမှာပဲဆိုတာကို တင်ပြရင်းအဆိုအပေါ် အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးဖို့ Power Point တင်ပြခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ်။

ဒီ Power Point ထဲမှာ အဓိကကတော့ ဘိန်းအစားထိုးစီမံကိန်းစနစ်တကျ ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းပါတယ်လို့ ဒေါ်ခင်နှင်းသစ်က ပြောထားပါတယ်။ ဘိန်းစိုက်တောင်သူတွေ၊ ပြည်သူတွေဟာ၊ သူတို့ရဲ့တင်ပြချက်တွေဟာ များပြားလှပါတယ်။ ကျွန်မတို့အခုသွားနေတဲ့ ဒီမိုကရေစီလမ်းစဉ်မှာ All Inclusive ဆိုတာကလည်း အရေးကြီးတဲ့အတွက် ဘိန်းစိုက်တောင်သူပြည်သူများရဲ့ တင်ပြချက်ကို လျစ်လျူရှုထားလို့မရပါဘူး။ ဒါကြောင့်မို့လို့ သူတို့ရဲ့တင်ပြချက်နဲ့အတူ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘိန်းစိုက်တောင်သူတွေဟာ သူတို့ရဲ့ ခံစားနေရတဲ့ဘဝကို ဘယ်လို

လုပ်မလဲ။ သူတို့ရိုက်ခတ်လာတဲ့ အစိုးရရဲ့ဆုံးဖြတ်ချက်မူဝါဒလမ်းစဉ်တွေကို ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ ဆွေးနွေးတိုင်ပင်ဖို့ ဖယ်ခုံမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ညီလာခံလုပ်တာဖြစ်ပါတယ်။ အဲဒီကြေညာချက်မှာကတော့ သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲကိုဆွေးနွေးထားပြီးတော့ သဘောထားတွေကို ထည့်သွင်းစဉ်းစားဖို့ အရေးကြီးပါတယ်လို့ သူတို့ရဲ့ယူဆချက်ကို တင်ပြထားပါတယ်။

နောက်သူတို့ဟာ ဘိန်းစိုက်တောင်သူတွေဟာ ဘယ်မှာနေရသလဲဆိုလို့ရှိရင် ဝေးလံခေါင်ဖျားဖြစ်တဲ့ တောင်တန်းကုန်းမြင့်ဒေသမှာနေတယ်။ လက်လုပ်လက်စားတောင်သူတွေဖြစ်တယ်။ သူတို့ရတဲ့ ငွေတွေနဲ့ သားသမီး၊ မိသားစုတွေကို ကျွေးမွေးထောက်ပံ့တယ်။ ပညာရေးနှင့် ကျန်းမာရေးအတွက် ဒါဝင်ငွေရတဲ့သီးနှံအဖြစ် စိုက်ပျိုးရတယ်လို့ ဖော်ပြထားပါတယ်။ နောက်အဓိကအကြောင်းအရင်းက ဆင်းရဲနွမ်းပါးမှုဖြစ်ပါတယ်လို့ ဆိုထားပါတယ်ရှင်။ တခြားအသီးအနှံကို သူတို့ စိုက်ပျိုးဖို့ဆန္ဒရှိပေမဲ့လို့ လက်တွေ့မှာအခက်အခဲများစွာရှိပါတယ်။ အဲဒါကဘာလဲဆိုရင် သီးနှံဈေးကွက်မငြိမ်တာတွေဖြစ်သလို သူတို့မှာတင်းခံနိုင်တဲ့ အားမရှိပါဘူးလို့ ပြောထားပါတယ်။ သူတို့ဟာ ဆယ်စုနှစ်မြောက်မြားစွာ လက်နက်ပဋိပက္ခဒဏ်သင့်နေတဲ့နေရာမှာ သူတို့နေနေရပါတယ်။ အဒီနေရာမှာငြိမ်းချမ်းရေးမရရှိဘဲနဲ့ သူတို့ရဲ့ဒေသဖွံ့ဖြိုးတိုးတက်လာမှာမဟုတ်ပါဘူးလို့ ပြောထားပါတယ်။ လက်နက်ကိုင်ပဋိပက္ခဟာ ဘိန်းစိုက်ပျိုးဖြစ်စေဖို့ နောက်ကွယ်ကတွန်းအားပေးတဲ့ မောင်းနှင်အားတစ်ခုဖြစ်တယ်၊ အဓိကကျပါတယ်လို့လည်း ပြောထားပါတယ်။ ဒါကြောင့်မို့လို့ နယ်မြေဒေသ အတော်အတန်သေနတ်သံတွေ ငြိမ်းသွားပေမဲ့လို့ လက်နက်ကိုင်အဖွဲ့အစည်းတွေရှိနေဆဲဖြစ်တဲ့အတွက် အပြည့်အဝငြိမ်းချမ်းနေပြီလို့ မဆိုနိုင်တဲ့အတွက် သူတို့ငြိမ်းချမ်းရေးရှင်သန်လာမှာမဟုတ်ဘူး။ ငြိမ်းချမ်းရေးမရှိတဲ့ ကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှာမဟုတ်သလို ဘိန်းကိုလည်း ဆက်လက်စိုက်ပျိုးနေရမှာဖြစ်ပါတယ်လို့ ပြောပါတယ်။

အဲဒီ ဘိန်းခင်းဖျက်စီးတဲ့စီမံကိန်းတွေမှာက ပြောထားတာက တိုးတက်လာတာပေါ့။ ၂၀၁၈ ခုနှစ်မှာ ဘိန်းစိုက်တဲ့ဧရိယာ ၁၀ ရာခိုင်နှုန်းပတ်ဝန်းကျင်လောက် ကျဆင်းတယ်လို့ဆိုထားတာကို သူတို့က ငြင်းဆိုပါတယ်။ အဲဒါသတိထားရမှာဖြစ်တယ်။ ဘာလို့လဲဆိုရင် ဘိန်းစိုက်ပျိုးနှုန်းကျတာက စီမံချက်ကြောင့်မဟုတ်ဘူး။ ဘိန်းဈေးကျလို့ဖြစ်တယ်။ ဘာဖြစ်လို့ဘိန်းဈေးကျသလဲ။ အစိုးရနှင့်တစ်ချို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထိန်းချုပ်မှုတွေ ပိုမိုတင်းကျပ်လာတဲ့နေရာမှာ နေရ

တဲ့အတွက် သူတို့ဈေးကွက်တွေမရလို့ စိုက်ပျိုးရေးကျသွားတယ်။ ဒါပေမဲ့ ဘိန်းကသူတို့အတွက် စီးပွားရေးအရ တွက်ခြေကျသော ဘဝနေထိုင်ရေးအတွက် အရေးကြီးတဲ့အတွက် ဆက်လက်ပြီးစိုက်နေရပါတယ်လို့ ပြောပါတယ်။ အဲဒီဘိန်းတိုက်ဖျက်ရေးမှာ လိုက်လံဖျက်ဆီးခြင်းပဲ အရေးယူတယ်။ လိုက်လံဖျက်ဆီးတယ်ဆိုတာမျိုးအပြင် နှစ်တိုင်းမှာဘိန်းချက်တဲ့ရာသီရောက်လို့ရှိရင် လိုက်လံဖျက်ဆီးတာတွေ့ရတယ်။ အဲဒါဘာလဲဆိုရင် သူတို့ကပိုက်ဆံနဲ့ ထမင်းစားဖို့ ကျန်းမာရေး၊ ပညာရေးအတွက် စီမံရတဲ့အတွက်ရခါနီးမှာ ဒါထမင်းစားဖို့ ထမင်းလုပ်ပါးစပ်ထဲရောက်ခါနီးမှာ ပုတ်ချသလိုခံစားရတဲ့အတွက် သူတို့စိတ်ဆိုးတာထက် စိတ်နာတာမျိုး မဖြစ်အောင်သတိထားရပါမယ်လို့ ပြောချင်ပါတယ်။

ဘိန်းတိုက်ဖျက်ရေးဟာ အခုထက်ထိလျော့သွားတာ မရှိပါဘူး။ ဒါသူတို့လုပ်ရတယ်။ စိုက်တဲ့သူရဲ့ မွေးကတည်းကနေ လူမှန်းသိလာကတည်းကနေပြီးတော့ ဖျက်ဆီးလာတာ အခုထက်ထိ မအောင်မြင်သေးပါဘူး။ ဒါကြောင့်မို့လို့ ဒီဟာတွေကို Review လုပ်ပြီးတော့မှ အစိုးရအနေနဲ့ မဟာဗျူဟာကို ပြောင်းလဲသင့်ပြီဆိုတာကို သူတို့ပြောထားပါတယ်။ ပထမအနေနဲ့ဆိုလို့ရှိရင် ဒီဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပေးတဲ့ အစီအမံတွေ၊ ဝါဒတွေ၊ မူဝါဒတွေလုပ်တဲ့အခါမှာလည်း သူတို့ကိုယ်တိုင် All Inclusive ဒီမူဝါဒရေးဆွဲတဲ့ထဲမှာပါဝင်ပြီးတော့မှ ဒီအတင်းဖျက်တဲ့စီမံကိန်းကို မလုပ်ဖို့သူတို့အကြံပေးတာကို ကျွန်မကလည်း ထောက်ခံပါကြောင်း အစိုးရအား အကြံပြုဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကိုတက်ရောက်လာကြတဲ့သူများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဒေသ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့အနေနဲ့ ဒေါ်ခင်နှင်းသစ်တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မြို့နယ်ဟာ အဆိုမှာပါတဲ့အတိုင်း ဘိန်းအများဆုံးစိုက်ပျိုးခဲ့တဲ့ဒေသတစ်ခုဖြစ်ခဲ့ပါတယ်။ မြို့နယ်ဧရိယာဟာစတုရန်းမိုင် ၂၅၂၂.၂၈၅ မိုင်ရှိပြီး ကျယ်ဝန်းလှပါတယ်။ တစ်ချိန်က တရုတ်လူမျိုးများ စိုးမိုးခဲ့တဲ့နယ်မြေဖြစ်ခဲ့ပြီး တပ်မတော်က ရန်ကြီးအောင်စစ်ဆင်ရေးနဲ့တိုက်ထုတ်နိုင်ခဲ့လို့ တရုတ်လူမျိုးများဆုတ်သွားတဲ့အချိန်မှာ တဖန်

ဘိန်းဘုရင်ခွန်ဆာဦးဆောင်ကြီးစိုးခဲ့ရာဒေသလည်းဖြစ်ခဲ့လို့ တပ်မတော်မှ မိုးအင်းစစ်ဆင်ရေးအဆင့် ဆင့် ပြုလုပ်ပြီး ဘိန်းစစ်ဆင်ရေးဆောင်ရွက်ခဲ့ပါတယ်။ ယခင်ဘိန်းကို တရားဝင်အရောင်းဆိုင်ဖွင့်လှစ် ရောင်းချခဲ့တဲ့မြို့လည်းဖြစ်ပါတယ်။ ယခုအခါမှာ ဘိန်းစိုက်တောင်သူအတော်နည်းပါးသွားတာကို တွေ့ရပါတယ်။ အဓိက အကြောင်းအရင်းကတော့ ဘိန်းဈေးယခင်လောက်မရှိတော့တာရယ်၊ အဝယ်သမားမရှိတာရယ် အဓိကက ရာလိုခေါ်တဲ့ စိတ်ကြွဆေးပြားအစားထိုး ဝင်ရောက်လာ လို့ပဲဖြစ်ပါတယ်။

လေးစားရသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးရခြင်းအကြောင်း တရားကိုးချက်ကို Power Point မှာထိုးပြထားပါတယ်။ ဒီအကြောင်းတရားကိုးချက်ကို ကျွန်တော် ချုပ်လိုက်တဲ့အချိန်မှာ အဓိကအကြောင်းတရားသုံးချက်ကို တွေ့ရပါတယ်။ ဘိန်းစိုက်ပျိုးမှုသည် အခြား သီးနှံစိုက်ပျိုခြင်းထက် ဝင်ငွေပိုများခြင်း၊ ဒေသခံပြည်သူများ၏ ဝင်ငွေနည်းပါးခြင်း၊ ဘဝရပ်တည်မှု ရနိုင်မည့်လုပ်ငန်းများမရှိခြင်းဆိုတဲ့အထဲမှာ တကယ်တမ်းတော့ ဘဝရပ်တည်မှုရနိုင်မည့်လုပ်ငန်းမရှိ တဲ့အတွက်ကြောင့်မို့ ဖြစ်ပါတယ်။ ဒါဟာ သုံးချက်မှာ အဓိကအချက်က ဘဝရပ်တည်မှုရနိုင်မည့် လုပ်ငန်းများမရှိခြင်းကြောင့်ဖြစ်ပါတယ်။ နောက်သုံးချက်မှာက ဘိန်းစိုက်တောင်သူများသည် ဒေသခံ နှင့် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးသော်လည်း ဈေးကွက်မရရှိခြင်းနှင့် တွက်ခြေမကိုက်ခြင်း၊ ဘိန်းအစားထိုးသီးနှံများကို ဈေးကွက်သို့ရောက်ရှိရန် စရိတ်ကြီးမားခြင်း၊ ဒီအချက်က လမ်းပန်း ဆက်သွယ်မှုခက်ခဲခြင်းဆိုတဲ့အချက်အောက်မှာရှိပါတယ်။ အဲဒီတော့ နောက်ဆုံးတစ်ချက်မှာကတော့ ရာသီဥတုပထဝီအနေအထားအခြေအနေများက ပံ့ပိုးပေးနေခြင်းရဲ့အောက်မှာ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ နယ်မြေငြိမ်းချမ်းမှုနှင့် လုံခြုံမှုမရှိခြင်းဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။

ဒီနောက်ဆုံးအချက်အနေနဲ့ တရားဥပဒေစိုးမိုးမှုနှင့် နယ်မြေငြိမ်းချမ်းမှုလုံခြုံမှုမရှိခြင်းဆိုတဲ့ အချက်က ဒေသတွင်းပြည်သူများအတွက် အင်မတန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ တပ်ရင်းရှစ်ရင်းနဲ့ အခြေကျစစ်ဗျူဟာတစ်ခုရှိပါတယ်။ လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့တွေ လည်းရှိပါတယ်။ သို့သော်နယ်မြေဟာ အဖြူရောင်နယ်မြေမဟုတ်ပါဘူး။ ကျွန်တော် ၁၉၈၀ ခုနှစ်တည်း ကနေလာတာ အခုဆိုရင် ၃၉ နှစ်ရှိပါပြီ။ နယ်မြေဟာ မည်းတစ်လှည့်၊ ညိုတစ်လှည့်ရှိနေခဲ့ပါတယ်။ ပြည်သူ့စစ်ဆိုတဲ့ လက်နက်ကိုင်အဖွဲ့ဟာလည်း ဒေသခံပြည်သူများနဲ့ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် ဘိန်းစိုက်တောင်သူတွေရဲ့ ဆွေမျိုးသားချင်းတွေဖြစ်နေတာကြောင့် ဘိန်းစိုက်တာကိုတားမြစ်ခြင်းထက်

အဖွဲ့ရန်ပုံငွေရဖို့ကိုသာ ဦးစားပေးရွေးရှုဆောင်ရွက်နေတာကိုသာ တွေ့ရှိရပါတယ်။ ဥပဒေကို လေးစား လိုက်နာဖို့အတွက် ငွေရဖို့ကိုသာဦးစားပေးနေကြတဲ့အတွက် တရားမဝင်သစ်လုပ်ငန်း၊ မူးယစ်ဆေးဝါး လုပ်ငန်းတွေကို တွင်ကျယ်စွာ လုပ်ဆောင်နေတာကိုသာတွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်နှင့်အတူ အလားတူတဲ့မြို့နယ် တွေကို တရားဥပဒေစိုးမိုးမှုရှိအောင်၊ နယ်မြေငြိမ်းချမ်းမှု၊ လုံခြုံမှုရှိအောင် ဘယ်လိုစီမံချက်တွေ ရေးဆွဲထားပြီး ဘယ်လိုဆောင်ရွက်ပေးမှာလဲဆိုတာကို ဦးစားပေးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ လုံခြုံမှုမရှိတဲ့ဒေသတွေဟာ မဖွံ့ဖြိုးတဲ့ဒေသတွေလို မမြင်ကွယ်ရာဒေသတွေဖြစ်တာကြောင့် လူမြင် ကွင်းဖြစ်လာအောင် ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။ မိုင်းတုံမြို့နယ်ဟာ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေတာဖြစ်သလို နယ်စပ် B(1) ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးမယ်ဆိုရင် လူမြင်ကွင်းဖြစ်လာပြီး ဘိန်းနှင့်မူးယစ်ဆေးဝါး စိုက်ပျိုးရောင်းဝယ်ခြင်းလျော့နည်းနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းနှင့် စိုက်ပျိုးတဲ့သီးနှံများအတွက်လည်း ဈေးကွက်ဖော်ဆောင်ပေးသလို ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်လာမှာ ဖြစ်လာတဲ့အတွက်ကြောင့် အားလုံးအဆင်ပြေ သွားမှာဖြစ်တယ်။ အဓိကနယ်စပ် B(1) ဂိတ်ကို တရားဝင်ဖွင့်ပေးဖို့ လိုအပ်နေပါတယ်။ နိဂုံးချုပ် အနေနဲ့ပြောရမယ်ဆိုရင် တရားဥပဒေမစိုးမိုးတာရယ်၊ နယ်မြေလုံခြုံမှုမရှိတာရယ်၊ လမ်းပန်းဆက်သွယ် ရေးမကောင်းတာတွေကို ဆောင်ရွက်ပေးမယ်ဆိုတာကို ဦးဆုံးဆောင်ရွက်ပေးဖို့လိုပါတယ်။ အလားတူ နယ်မြေတွေမှာ ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ မူးယစ်ဆေးဝါးဘိန်းအစားထိုးစိုက်ပျိုးဖို့အတွက် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီတရားဥပဒေမစိုးမိုးတာရယ်၊ လုံခြုံမှုမရှိတာရယ်၊ လမ်းပန်းဆက်သွယ်ရေး မကောင်းတာရယ်တို့ကြောင့် အစိုးရအနေနဲ့ ဘယ်လောက်ပဲ ကူညီမယ်ဆိုရင်တောင်မှ ကုမ္ပဏီတွေ လာရောက်ပြီးလုပ်ကိုင်နိုင်မယ်မထင်မိပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မူးယစ်ဆေးဝါးအန္တရာယ်ရဲ့ ခြိမ်းခြောက်မှုကို အင်းတော်မြို့နယ်အပါအဝင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးနီးပါးအပြင် ကမ္ဘာ့အခြားနိုင်ငံများပါ မျက်ခြေ

မပြတ်တွန်းလှန်ဆန့်ကျင်နေကြဆဲပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ နိုင်ငံတော်အစိုးရ၊ နှီးနွှယ်နေတဲ့ဝန်ကြီးဌာန နိုင်ငံသားများအပြင် နိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကုလသမဂ္ဂအပါအဝင် မဟာမိတ်အဖွဲ့အစည်းများနှင့် ပူးပေါင်းတိုက်ဖျက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်၊ လုပ်ငန်းစဉ်သုံးရပ်ချမှတ်ပြီး ၁၉၉၉-၂၀၀၀ မှ ၂၀၁၃-၂၀၁၄ အထိ ၁၅ နှစ်စီမံကိန်းချမှတ်၍လည်းကောင်း၊ နောက်ထပ် ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ ၅ နှစ်စီမံကိန်းချမှတ်၍လည်းကောင်း မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းကို လျှော့ချပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များအနေနဲ့ နိုင်ငံတကာအကူအညီများဖြင့် စာရင်းကောက်ခံခြင်း၊ ဘိန်းခင်းများဖျက်ဆီးခြင်းများကို နှစ်ပေါင်းအတော်ကြာလုပ်ဆောင်ပါသော်လည်း ဘိန်းစိုက်ပျိုးမှုအနည်းငယ်သာ လျော့ကျခြင်းကို ကျွန်မတို့ကမ္ဘာမှာဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယနေရာမှာရှိနေခြင်း၊ ဖမ်းဆီးရမိမှုများမြင့်တက်လျက်ရှိခြင်း၊ သယ်ယူသူ၊ သုံးစွဲသူများပြားခြင်းကြောင့် ရာဇဝတ်မှုများ မြင့်တက်နေခြင်းတို့က သတ်သေခံလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မူးယစ်ဆေးဝါးထုတ်လုပ်ရေးမှာ ဘိန်းစိုက်ပျိုးခြင်းကျယ်ပြန့်လာရခြင်းအကြောင်းများကိုလည်း ရှေ့မှာကိုယ်စားလှယ်များဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်စေရေးမူဝါဒများနှင့် လုပ်ဆောင်ခြင်းများရဲ့အားနည်းချက်များကို ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်ပြင်ဆင်ရန်အထူးလိုအပ်လျက်ရှိပါတယ်။ တည်ဆဲမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်ရေးဥပဒေဟာ တစ်ကိုယ်ရေသုံးစွဲသူများနှင့် ဆင်းရဲသဖြင့် မိသားစုစားဝတ်နေရေးအတွက် စိုက်ပျိုးရတဲ့ လူများကိုသာ ပစ်မှတ်ထားခံရတာဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးပါက ထောင်ဒဏ်ငါးနှစ်မှ ၁၀ နှစ်အထိ ရှိတတ်တဲ့အတွက် အဖမ်းမခံရအောင် အဂတိ တရားများနဲ့စိုက်ပျိုးနေကြရတာတွေ့ရပြီး မဖြစ်မနေဖမ်းမည်ဆိုပါက ပိုမိုတောနက်ရာသို့ ရွှေ့ပြောင်း စိုက်ပျိုးပါတယ်လို့ဆိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဘိန်းကိုတစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများကို ရာဇဝတ်သင့်ထိုက်သူများလို့ မမြင်ဘဲ အခြေခံလိုအပ်ချက်များနှင့် စားဝတ်နေရေးအတွက် ဖွံ့ဖြိုးမှုများလိုအပ်နေတဲ့ တောင်သူလယ်သမား တိုင်းရင်းသားများအဖြစ် ပြောင်းလဲရှုမြင်ပြီး ပြုပြင်စည်းရုံးဖို့လိုအပ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ အိမ်နီးချင်းနိုင်ငံများ ဘယ်လိုအကောင်အထည်ဖော်အောင်မြင်ခဲ့သလဲဆိုတာကို လေ့လာကြည့်ဖို့

လိုပါတယ်။ အဓိက ထိုင်းနိုင်ငံရဲ့ ဘိန်းအစားထိုးသီးနှံအောင်မြင်မှုရရှိခြင်းကို လေ့လာသင့်ပါတယ်။ ထို့အတူ ကျွန်မတို့နိုင်ငံမှာလည်း ဘိန်းစိုက်ကျေးရွာများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးများကို အလုံးအရင်းနဲ့ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းများကို မြှင့်တင်သင့်ပါတယ်လို့ အကြံပြုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီလိုမြှင့်တင်တဲ့နည်းလမ်းတွေမှာလည်း ဒေါ်ခင်နှင်းသစ် အဆိုပြုထားတဲ့ နည်းလမ်း တစ်ခုလည်းပါပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ ဘိန်းစိုက်တောင်သူများ အစားထိုးသီးနှံစိုက်ပျိုးရေး အောင်မြင်စေဖို့ ကျေးလက်ဒေသများဖွံ့ဖြိုးရေးမှာ ကုန်ထုတ်လမ်းများကောင်းမွန်ရန်ဆောင်ရွက်ခြင်း၊ နှစ်တိုနှစ်ရှည်သီးနှံများ စိုက်ပျိုးစေခြင်း၊ မြေယာများပြုပြင်ခြင်း၊ ထွက်ရှိလာသည့်အစားထိုးသီးနှံများ ဈေးကွက်ဝင်ရန်ဆောင်ရွက်ပေးခြင်းဖြင့် ဘိန်းစိုက်တောင်သူများရဲ့ ဝင်ငွေမြင့်တက်စေခြင်းတို့ကို နိုင်ငံတော်အစိုးရနှင့် ဆက်စပ်ဝန်ကြီးဌာနအပြင် စိတ်ပါဝင်စားသူလုပ်ငန်းရှင်ကြီးများ၊ မိတ်ဖက်အဖွဲ့ အစည်းများပါ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့အပြင် အရေးကြီးဆုံးဖြစ်တဲ့ နယ်မြေအေးချမ်းရေး အတွက် ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်နိုင်ရန် အထူးအရေးကြီးလှပါတယ်လို့ အကြံပြုဆွေးနွေး ရင်း ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မ ကတော့ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေး ဖြစ်ပါတယ်။ ၂-၅-၂၀၁၉ ရက်နေ့က ပန်းတောင်းမဲဆန္ဒနယ် ဒေါ်ခင်နှင်းသစ်တင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကမ္ဘာတစ်ဝန်းရှိ လူထုအတွင်းသို့ လွှမ်းမိုးကြီးစိုးနေတဲ့ အရာ တစ်ခုဟာ မူးယစ်ဆေးဝါးပြဿနာပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသည် နိုင်ငံကြီး၊ ငယ်မရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး ကမ္ဘာ့လူသားတစ်ရပ်လုံးနှင့် နိုင်ငံအသီးသီးကို ခြိမ်းခြောက်နေတဲ့ပြဿနာ တစ်ရပ်ပင်လည်းဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးပြဿနာဟာ ဒေသတစ်ခုချင်းရဲ့ ပြဿနာ မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်စပ်ဖြစ်ပေါ်နေပါတယ်။ မြန်မာနိုင်ငံအတွက်တော့ မူးယစ်ဆေးဝါးပြဿနာဟာ စိန်ခေါ်မှုကြီးတစ်ရပ်သဖွယ် ဖြစ်နေပါတယ်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် မူးယစ်ဆေးဝါးလျှော့ချရေးအတွက် နည်းလမ်းမျိုးစုံဖြင့်နှိမ်နင်းခဲ့သည်

ဆိုသော်လည်း ယနေ့အချိန်တွင် တစ်နိုင်ငံလုံး၌ ပြန့်နှံ့ဖြစ်ပွားလျက်ရှိသော မူးယစ်ဆေးဝါးမှုများက မူးယစ်အန္တရာယ် ကြီးမားစွာရှိနေသေးတယ်လို့ သက်သေခံနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပြဿနာတွင် အရင်းအမြစ်ဖြစ်တဲ့ ဘိန်းစိုက်ပျိုးနေမှုမှာ တိုင်းပြည်အတွက် လွန်စွာဂုဏ်သိက္ခာမဲ့စေတဲ့ဖြစ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်နယ်အချို့ရှိ ဘိန်းစိုက်ပျိုးနေတဲ့ မြို့နယ်ငါးမြို့နယ်ရှိပြီး ဘိန်းစိုက်တောင်သူမိသားစု ၃၀၀၀၀၀ ခန့်ရှိနေတဲ့ လူမှုစီးပွားဘဝအခြေအနေပြောင်းလဲနိုင်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် အစိုးရ၏ချမှတ်ထားသော မူဝါဒများတွင် မဟာဗျူဟာအလိုက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဘဝဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှုကိုစွ ချုပ်ငြိမ်းရေးဟု ပါရှိပါတယ်။ နည်းဗျူဟာသုံးရပ်၌လည်း ထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဟူ၍ ပါဝင်ပြန်ပါတယ်။ နည်းနာဏသရသုံးရပ်တွင်လည်း တောင်ပေါ်မြေပြန့်တိုင်းရင်းသားလူမျိုးတို့ရဲ့ စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့ ချမှတ်ထားကြောင်းလည်း သိရှိရပါတယ်။ ဒါ့ကြောင့် ဖော်ပြပါ မဟာဗျူဟာ၊ နည်းဗျူဟာ နည်းနာဏသရအားလုံးတို့သည် ဘိန်းအစားထိုးစီမံကိန်းများ ဆောင်ရွက်မှုနှင့် သက်ဆိုင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးဆောင်ရွက်ရာမှာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာအထောက်အပံ့ဖြင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြေယာများဖော်ထုတ်ခြင်း၊ သီးနှံမျိုးစေ့နှစ်ရှည်ပင်များ ဖြန့်ဖြူးပေးခြင်း၊ မူးယစ်ဆေးဝါးစိုက်ပျိုးနိုင်တဲ့ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ အဆိုပါ ဆောင်ရွက်ပေးမှုတို့မှာ ရှမ်းပြည်နယ်မှ မြို့နယ်အချို့သာဖြစ်ပြီး အမှန်တကယ်ပြုပြင်ပြောင်းလဲနိုင်ဖို့ဆိုရင် ဘိန်းစိုက်ပျိုးနယ်မြေများအားလုံး ဘိန်းအစားထိုးစီမံကိန်းများ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါမှသာ အစိုးရချမှတ်ထားသောမူဝါဒအတိုင်း အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ အခြေအနေတွင် မြန်မာနိုင်ငံ၌ မူးယစ်အန္တရာယ်လျော့ပါးရေးအတွက် ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့် အဖွဲ့အစည်းများမှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖြစ် အများဆန္ဒဖြင့်ရွေးချယ်သူ တွဲဖက်အတွင်းရေးမှူးအဖြစ် ကျေးရွာအုပ်စုစာရေးများအပြင် အဖွဲ့ဝင်များအဖြစ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု

ကော်မတီ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်း၊ မူးယစ်ကြီးကြပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိ/ရပ်ဖ၊ လူငယ်ခေါင်းဆောင်များ၊ အများဆန္ဒဖြင့်ရွေးချယ်သူ စသည်ဖြင့် ၁၆ ဖွဲ့ ဖွဲ့စည်းထားကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအဆင့် လုပ်ငန်းတာဝန်များမှာလည်း မူးယစ်အန္တရာယ်လျော့ပါး ရေးအတွက်ဆောင်ရွက်ရန် အချက်(၈)ချက်ပါဝင်ရာတွင် မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ထုတ်လုပ်မှုမရရှိစေရေး၊ စည်းရုံးဟောပြောဆွေးနွေးခြင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့များအား ကူညီပံ့ပိုးခြင်းတို့ကိုလည်း ပါဝင်ပါတယ်။ သည့်အတွက် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး အသိပညာပေးအဆင့်နှင့် ဖြေရှင်းလို့မရနိုင်တော့ဘဲ အလွယ်တကူဝယ်ယူသုံးစွဲလို့မရတဲ့ လူမှုပတ်ဝန်းကျင်အဖြစ်ရောက်ရှိအောင် ဦးစားပေးလုပ်ဆောင်ဖို့လိုပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဆေးပြား တစ်ပြားလောက်မိတဲ့သူက ထောင်ထဲမှာ ခြောက်နှစ်လောက်ကျွေးမွေးစောင့်ရှောက်နေတဲ့ စရိတ်တွေက ဆင်းရဲတဲ့တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ ကိုယ့်တိုင်းပြည်ထဲမှာတင် မူးယစ်ဆေးတွေထုတ်လုပ်နေတယ်။ ဖြန့်ချိနေတယ်။ ပင်စည်ကိုမခုတ်ဘဲ အကိုင်းအခက်၊ အရွက်လောက်သာ ဖြုတ်ပြနေမယ်ဆိုရင် မူးယစ်နှိမ်နင်းရေးနှင့် ခေါင်းစဉ်အောက်မှာ တိုင်းပြည်ရဲ့ လူသားအရင်းအမြစ်တွေ လုံးပါးပါးနေပါပြီ။ ဒီအတွက် မြန်မာနိုင်ငံရဲ့လူသားအရင်းအမြစ် မဆုံးရှုံးစေဖို့လို့ ဥပဒေရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့လို့ အတွက် မူးယစ်ဥပဒေပုဒ်မ ၁၆(ဂ)ကိုလည်း ပြန်လည်စိစစ်ရန် တင်ပြလိုပါတယ်။ ယခုအဆိုဟာ နိုင်ငံတော်မှဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါးအန္တရာယ် လျော့ပါးရေးဆောင်ရွက်နေမှုနှင့် ကိုက်ညီနေသည့်အပြင် မူးယစ်ဆေးဝါးထုတ်လုပ်နိုင်မှုကို အမြစ်ပြတ်အောင် ဆောင်ရွက်မှုလည်းဖြစ်နေပါတယ်။ သို့ကြောင့် ကျွန်မ ဒေါ်ခင်နှင်းသစ်ရဲ့ အဆိုကို ထောက်ခံလိုက်ရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ကရင်ပြည်နယ်၊ သံတောင်ကြီး

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ အဓိကရည်ရွယ်ချက်က မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရန်နှင့် ကာကွယ်တားဆီးနိုင်ရေးပင်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရန်အတွက် ကာကွယ်တားဆီးနိုင်ရန်မှာ အဓိကအချက်(၃)ချက်ရှိပါတယ်။ အဲဒီအချက်(၃)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် မူးယစ်ဆေးဝါးအန္တရာယ် လျော့ကျသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၁) အဓိကအချက်ကတော့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရန်အတွက် ဘိန်းအစားထိုးအခြားသီးနှံစီမံကိန်းပင်များ စိုက်ပျိုးရန်ဖြစ်ပါတယ်။ (၂)အချက်ကတော့ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချနိုင်ရန်အတွက် စီမံကိန်းများရေးဆွဲဖော်ဆောင်ရန်ဖြစ်ပါတယ်။ (၃)အချက်အနေနဲ့ကတော့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်း၊ လျှော့ချနိုင်ရန် ဆောင်ရွက်မှုပဲဖြစ်ပါတယ်။ ဤအချက်သုံးချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အထူးလိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေဖြင့် (၁)အချက်ကို အဓိကထားပြီးတော့ ဆောင်ရွက်ဖို့ရန်အတွက် တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ တောင်သူများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင် သုံးဦးသုံးဖလှယ်တို့ မိမိတို့လုပ်ဆောင်ရမယ့်အခန်းကဏ္ဍအသီးသီးမှာ အတွဲညီ၊ လက်ညီ၊ ဘက်ညီဆောင်ရွက်မှသာလျှင် ဘိန်းအစားထိုးစီမံကိန်းတွင် သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီးတော့ အားလုံးအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးတောင်သူများ၏ အဓိကလိုအပ်ချက်မှာ ၎င်းဒေသမှာ နယ်မြေအေးချမ်းဖို့ဖြစ်ပါတယ်။ တွက်ခြေကိုက်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖော်ဆောင်ရန်အတွက် လိုအပ်ပါတယ်။ မိမိတို့ရဲ့ မိသားစုဝင်နဲ့ မိမိတို့ရဲ့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဲဒါ အဓိကအချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် အစိုးရအနေနဲ့ စီမံကိန်းအကောင်အထည်ဖော်ဆောင်တဲ့အခါမှာ မူဝါဒချမှတ်ခြင်း မူဝါဒမှာဆိုရင် ဒေသခံတောင်သူများရဲ့ လိုအပ်ချက်အဝဝကို ပံ့ပိုးကူညီဖို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တောင်သူများကိုလည်း အကာအကွယ်ပြုတဲ့ ဥပဒေများ၊ ဆောင်ရွက်ချက်များရှိဖို့ရန်လိုအပ်ပါတယ်။ ထို့နည်းတူ လုပ်ငန်းရှင်များအတွက် သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးတဲ့ဥပဒေများလည်း ထုတ်ပြန်ကြေညာဖို့နဲ့ သူတို့ရရှိမယ့်အကျိုးအမြတ်ကို တန်းတူညီတူမျှတူ ရရှိဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။

**မှုကြမ်း**

ဤကဲ့သို့ဆောင်ရွက်မှသာလျှင် ဝေးလံခေါင်သီတဲ့ ဘိန်းစိုက်ပျိုးတဲ့ဒေသမှာနေထိုင်တဲ့ တောင်သူတွေဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အဆိုရှင်ဖော်ပြသကဲ့သို့ပဲ ဝေးလံခေါင်သီသော ရှမ်း၊ ကချင်၊ ကယား၊ ချင်း မြို့နယ် ၅၁ မြို့နယ်မှာ ဘိန်းစိုက်ပျိုးတဲ့ဧကက ဟက်တာအနေနဲ့ ၃၇၃၀၀ ရှိတယ်။ ဧကအနေနဲ့ ပြန်တွက်တဲ့အခါမှာ တစ်သိန်းနီးပါးလောက်ရှိတာကို တွေ့ရပါတယ်။ နောက် တောင်သူမိသားစု သုံးသိန်းလောက်တို့က ဒီဘိန်းနဲ့အသက်မွေးဝမ်းကျောင်းပြုပြီးတော့ အထောက် အကူရရှိနေပါတယ်။ အဲဒီ ဘိန်းစိုက်ပျိုးတဲ့အန္တရာယ်မှကင်းဝေးနိုင်ရန်အတွက်ဆိုရင် အစားထိုးသီးနှံ များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်မှသာလျှင်၊ အစိုးရအနေနဲ့ပံ့ပိုးကူညီမှသာလျှင်၊ ရင်းနှီးမြှုပ်နှံမှု များပံ့ပိုးဆောင်ရွက်မှသာလျှင် နောင်ဒီလိုဆောင်ရွက်ဖို့ရန်အတွက်လည်း အခြားသက်ဆိုင်ရာပါဝင်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း အကျိုးဖြစ်ထွန်းစေဖို့ အကြံပြုဆွေးနွေးအပ်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ဘိန်းအစားထိုးအခြားသီးနှံပင်များစိုက်ပျိုးတဲ့အတွက်ကြောင့် ဘိန်းတန်ချိန် ၂၀၀ ကနေ ၁၅၀ လျော့ကျသွားကြောင်းကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တဲ့အချက်နှစ်ချက်ကတော့ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ချရေးနဲ့ ရောင်းဝယ်ဖောက်ကားမှုလျော့ချရေးအတွက်မှာ ကျွဲကူးရေပါသလို နံပါတ်(၁)အချက်အောင်မြင်လို့ ရှိရင် ကျန်တဲ့အချက်တွေကလည်း တဖြည်းဖြည်းလျော့ကျသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယနဲ့ တတိယအချက်ကိုလည်း စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဥပမာအနေနဲ့ မူးယစ်ဆေးဝါးလျော့ချရေးမှာ သုံးစွဲသူအား ပညာပေးဆေးကုသမှု၊ နောင်ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အကြမ်းနည်းဖြင့်ဆောင်ရွက်လို့ရှိရင်တော့ ထိရောက်မှုရှိမှာမဟုတ်ဘူး။ ဒါကြောင့် တဖြည်းဖြည်းဆေးကုသမှုတွေပေးဖို့၊ ပညာပေးဖို့ လိုအပ် ပါတယ်။ နံပါတ်(၃)အချက်ကတော့ ရောင်းဝယ်ဖောက်ကားရေး။ အဲဒီမှာ ပညာပေးဆောင်ရွက်လို့ မရလို့ရှိရင် ဥပဒေအရအရေးယူ အပြင်းအထန်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်မှ သာလျှင် မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အမျိုးသားရေး စီမံကိန်းအနေနဲ့ ဆောင်ရွက်တာကို ပြည်သူလူထုအနေနဲ့ပါဝင်ဆောင်ရွက်မှသာလျှင် ဒေါ်ခင်နှင်းသစ်ရဲ့ အဆိုကို နိုင်ငံတော်အစိုးရက အောင်မြင်စွာဆောင်ရွက်ပေးဖို့အတွက် အကြံပြု။

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ယနေ့ကျင်းပတဲ့အစည်းအဝေးမှာ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းထားတဲ့အဆိုအား ထောက်ခံအကြံပြုဆွေးနွေးသွားမယ့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုနဲ့ပတ်သက်ပြီး လက်ရှိမြေပြင်မှာ အမှန်တကယ်ဖြစ်ပျက်နေတဲ့ အကြောင်းအရာနှင့် ဘိန်းစိုက်ပျိုးခြင်း၏နောက်ကွယ်နှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးပြီးနောက် အဓိကလုပ်ဆောင်ရန်လိုအပ်သော အချက်များအား ကျွန်မ၏မဲဆန္ဒနယ်အပေါ်အခြေခံပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့သည် ယခုလက်ရှိတွင် ဘိန်းစိုက်ပျိုးခြင်း လုံးဝမရှိတော့ပေမဲ့ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ရောင်းဝယ်ဖောက်ကားသူများ ယနေ့အထိ များပြားနေဆဲဖြစ်ပါတယ်။ ပလောင်လူမျိုးများသည် ရှေးယခင်ကပင် လက်ဖက်ကိုသာ အဓိကစိုက်ပျိုး အသက်မွေးဝမ်းကျောင်းပြုခဲ့ကြပြီး ၁၉၆၂ ခုနှစ်မတိုင်မီအထိ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ဒေသတွင် ဘိန်းစိုက်ပျိုးမှု အလွန်ရှားပါးပြီး ကျေးရွာသားများသည်လည်း ကောက်ပဲသီးနှံများထက် အကျိုးအမြတ်ပိုရနိုင်သည့် လက်ဖက်ကိုသာ စိုက်ပျိုးခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ပလောင်ဒေသတွင် ပြည်တွင်းစစ်စတင်ဖြစ်ပွားလာရာမှစပြီးမှ ဒေသတွင်း လက်ဖက်စိုက်ပျိုးမှု ပိုမိုဆိုးရွားစွာ ကျဆင်းစေခဲ့ပြီး နယ်မြေမငြိမ်သက်မှုကြောင့် ပလောင်ဒေသနှင့် မြန်မာပြည်အောက်ပိုင်း ကုန်သွယ်မှုကို နှောင့်နှေးစေခဲ့ပါသည်။ သို့သော် ပလောင်ဒေသတွင် လက်ဖက်ကိုသာ အဓိကဆက်လက်စိုက်ပျိုးကြဆဲဖြစ်ပါတယ်။ အကြောင်းရင်းကတော့ လက်ဖက်ကုန်ဈေးနှုန်းသည် တောင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ဝမ်းစာရေးအတွက် လုံလောက်နေခြင်းကြောင့် ဖြစ်ပါတယ်။ ၎င်းအချိန်အထိ ဘိန်းသုံးစွဲသူများမှာ အနည်းငယ်သာရှိပြီး ဘိန်းများကို တရုတ်နိုင်ငံနယ်စပ်ဒေသများတွင် ရရှိပါတယ်။ ၁၉၉၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲမှုနောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးမှုများနှင့် ရောင်းဝယ်ဖောက်ကားမှုများ အဆမတန်တိုးပွားလာပြီး ယခင်က အမျိုးသားများသာ သုံးစွဲရာမှ အမျိုးသမီးများပါ မူးယစ်ဆေးဝါး သုံးစွဲလာတဲ့အထိ တိုးပွားလာခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်တွင် မန်တုံမြို့နယ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် အစိုးရအကြား အပစ်ခတ်ရပ်စဲရေး ငြိမ်းချမ်းရေးရယူပြီး ရှမ်းပြည်နယ်၊ မန်တုံမြို့အား အထူးဒေသ(၇) အဖြစ် တည်ရှိစေခဲ့ပြီး ၎င်းဒေသအား အစိုးရအနေဖြင့် ဘိန်းပပျောက်ရေး ကင်းစင်နယ်မြေအဖြစ် ၁၉၉၆ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ရှင်းလင်းခဲ့ကြပါတယ်။ သို့သော် ဘိန်းစိုက်ပျိုးတောင်သူများအတွက် ဘိန်းအစားထိုးသီးနှံများ ကောင်းမွန်လုံလောက်စွာ မပေးနိုင်ခြင်း၊ ဈေးကွက်ရှာဖွေမပေးနိုင်ခြင်း၊

မူလထုတ်ကုန်များအား နည်းပညာအရ ပံ့ပိုးမှုမရှိခြင်း၊ ပလောင်ဒေသတွင် ဘိန်းစိုက်ပျိုးခြင်း လုံးဝ မရှိသော်လည်း မူးယစ်ကျေးကျွန် ယခုထိတိုင် ဖြစ်နေကြဆဲဖြစ်ပါတယ်။ အကြောင်းရင်းကတော့ မန်တုံဒေသနှင့် နယ်မြေချင်းထိစပ်သည့် ပန်စမ်းဒေသအား အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အပြည့်အဝ မနှိမ်နင်းနိုင်သည့်အတွက် ယခင်က ဘိန်းစိုက်တောင်သူအများစုများသည် အခြေအနေမဲ့ဘဝများ ရောက်ရှိလာခဲ့ကြတဲ့အတွက်ကြောင့်မို့လို့ နယ်မြေချင်းထိစပ်သည့် ပန်စမ်းဒေသတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာပြီး မိုးမိတ်၊ မိုးကုတ်နှင့် အခြားဒေသသို့ ကုန်ကူးခြင်းများ ယခုတိုင်ရှိနေဆဲဖြစ်ပါတယ်။ ယခုလိုဖြစ်ရခြင်းအကြောင်းရင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် တိုက်ရိုက်ဆက်စပ်နေတယ်လို့ ယူဆမိပါတယ်။ ယခင်က အမြဲတမ်းလက်ဖက်စိုက်ပျိုးလာတဲ့ တောင်သူများက နယ်မြေမအေးချမ်းသည့်အတွက်ကြောင့်မို့လို့ ဘိန်းစိုက်ပျိုးလာပြီး အစိုးရအနေဖြင့် ဘိန်းပပျောက်ရေးပြုလုပ်တဲ့အခါမှာ ဘိန်းအစားထိုးသီးနှံများ ကောင်းမွန်လုံလောက်စွာ မပေးနိုင်တဲ့အတွက်ကြောင့်မို့လို့ ၎င်းအစား မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းများ ပြုလုပ်လာခဲ့ကြခြင်း ဖြစ်ပါတယ်။ အစိုးရအနေဖြင့် ဒေသထွက်ကုန်များဖြစ်သည့် လက်ဖက်အား နည်းပညာအရသော်လည်းကောင်း၊ ဈေးကွက်အရသော်လည်းကောင်း ပံ့ပိုးမှုမရှိသည့်အတွက်ကြောင့်မို့လို့ လက်ဖက်တောင်သူများသည် လက်ဖက်စိုက်ပျိုးခြင်းဖြင့် ရပ်တည်နိုင်ရန် ပိုမိုခက်ခဲလာသည်နှင့်အမျှ ဘိန်းဝယ်ယူလိုသူများသည်လည်း ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် လက်ဖက်စိုက်တောင်သူမှ ဘိန်းစိုက်တောင်သူဘဝသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ သံသရာလည်ရင်း လူမျိုးတုန်းဘဝထိ ရောက်ရလုနီးပါး ဖြစ်ခဲ့ပါတယ်။ အဆိုရှင်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရအား တိုက်တွန်းလိုသည့်အကြောင်းရင်းများကတော့ (၁) ကျွန်မမဲဆန္ဒနယ်မှာ ဒီမူးယစ်ဆေးဝါးထွက်ရှိခြင်း မရှိဘဲ မူးယစ်ဆေးဝါးအား အဓိကထုတ်လုပ်ရောင်းချနေတဲ့ နယ်မြေချင်းထိစပ်သောဒေသများအား နိုင်ငံတော်အစိုးရအနေဖြင့် အမြစ်ပြတ်ချေမှုန်းပေးရန် တောင်းဆိုချင်ပါတယ်။ မူးယစ်ဆေးဝါး ထုတ်လုပ်သူတွေကြောင့် ကျွန်မတို့မျိုးဆက်တွေ များစွာဆုံးရှုံးခဲ့ရတဲ့အပြင် နိုင်ငံတော်၏အနာဂတ် မှေးမှိန်ပျောက်ကွယ်အောင်ပြုလုပ်တဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချသူများအား မူဝါဒချမှတ်ပြီး နည်းစနစ်မှန်မှန် ချေမှုန်းသင့်ပါတယ်။ (၂) ယခင်အစိုးရအဆက်ဆက်တွင် ပြုလုပ်ခဲ့တဲ့ ဘိန်းပပျောက်ရေးနယ်မြေများတွင် ဘိန်းအစားထိုးသီးနှံများ လိုအပ်သလို ဆက်လက်ပံ့ပိုးပေးရန်နှင့် ဈေးကွက်များ ဖန်တီးပေးရန်၊ (၃) ဘိန်းအများဆုံးစိုက်ပျိုးတဲ့ဒေသများတွင် အဓိကထွက်ကုန်များရှိ/မရှိ စိစစ်လေ့လာပြီး အဓိကထွက်ကုန်များရှိပါက နည်းပညာများပံ့ပိုးပေးရန်နှင့် ဈေးကွက်များဖန်တီးပေးရန်၊ (၄)

ဘိန်းအများဆုံးစိုက်ပျိုးသောဒေသများတွင် အဘက်ဘက်မှနိမ့်ကျသော ပညာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ မီးရရှိရေး၊ ကျန်းမာရေး အစရှိသည့် နိုင်ငံသားများ ရသင့်ရထိုက်သည့်အခွင့်အရေး များအား တန်းတူရရှိခံစားနိုင်စေရန်အတွက် စီမံချက်ချ အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့် ပါတယ်။ (၅) မူးယစ်ဆေးဝါးအများဆုံးဒေသရှိ လူငယ်မိန်းကလေးများသည် ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက်ကြောင့် တရုတ်သို့ အလုပ်အကိုင်ရှာဖွေခြင်း ကြောင့် အများဆုံး လူကုန်ကူးခြင်းကို ခံရသူများဖြစ်လာခဲ့ကြပါတယ်။ ထို့ကြောင့် ၎င်းဒေသရှိ လူငယ်များ၏ဘဝရပ်တည်နိုင်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်ရန် စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် လိုအပ်လှပါတယ်။ လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းနိုင်မှသာ မူးယစ်ဆေးဝါးပြဿနာ များကို ဖြေရှင်းနိုင်မှာဖြစ်ကြောင်း အကြံပြုထောက်ခံဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးပေါလ်ဆိုင်း(ဒီမော့ဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမော့ဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ ကျွန်တော်တို့နိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှု ရှိပါတယ်။ ကမ္ဘာမှာ စိုက်ပျိုးရေးထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်နေတာလည်း ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံဟာ ဂုဏ်သိက္ခာကျဆင်းစေပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ကတိသစ္စာပြုမိန့်ခွန်းနှင့် နှစ်သစ်ကူး နှုတ်ဆက်စကားတွေမှာလည်း မူးယစ်ဆေးဝါးနှိမ်နင်းရေးကို အလေးထားပြောခဲ့သလို လက်တွေ့မှာ လည်း ထိထိရောက်ရောက် ဖမ်းဆီးနှိမ်နင်းနေတာကို အထင်အရှားပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်အန္တရာယ်ရှိတဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ဖို့ ဘိန်းအစားထိုးသီးနှံစီမံကိန်း အကောင်အထည်ဖော်ခဲ့ပေမဲ့ ထိရောက်အောင်မြင်မှုနည်းခဲ့တာကို တွေ့ရတယ်။ မြို့နယ် ၅၁ မြို့နယ်မှာ ဘိန်းစိုက်ပျိုးမှုများနေပြီး ရှမ်းပြည်နယ်ဟာ တစ်နိုင်ငံလုံး

စိုက်ပျိုးမှုရဲ့ ၉၀ ရာခိုင်နှုန်းကျော်ရှိနေပါ။ ဘိန်းအစားထိုးစိုက်ပျိုးရေးစီမံကိန်းကို ကုလသမဂ္ဂ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများမှလည်း အကူအညီပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ Costa Rica နိုင်ငံမှ ကုန်းမြင့်ကော်ဖီနှစ်မျိုးကို ရှမ်းပြည်နယ် ဘိန်းအစားထိုးအခြေစိုက်စခန်းများမှာလည်း ဖြန့်ဝေခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘိန်းအစားထိုးသီးနှံအဖြစ် လင်းခေးမြို့နယ်မှာလည်း ပုလဲသွယ်စပါးမျိုးစေ့ ၈က ၈၀၊ ပျားလိမ့်မွှာ် ၈က ၅၀၊ ရေဆင်း ၁၀ ပြောင်းမျိုးနှင့် ပုလဲခေတ်မြေသြဇာတို့ကိုလည်း ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ သိန္နီမြို့နယ်မှာလည်း အထွက်တိုးမျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် နှစ်ရှည်ပင်များကိုလည်း ပေးခဲ့ပါတယ်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ဥပဒေအရခွင့်ပြုထားတဲ့ စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးဖို့ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးအောင်မြင်တဲ့ ဈေးကွက်ဝင်ဖို့ ဘိန်းစိုက်တောင်သူဘဝရပ်တည်နိုင်အောင်လည်း လိုအပ်တဲ့ ပံ့ပိုးမှုတွေကိုပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အမျိုးသားစီမံချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပညာပေးဆောင်ရွက်မှုများကိုလည်း အားလုံးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ဘိန်းစိုက်ပျိုးရခြင်းရဲ့အဓိကအကြောင်းတရားတွေကတော့ နယ်မြေငြိမ်းချမ်းမှုနှင့် လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းနေခြင်း၊ ဒေသခံပြည်သူများရဲ့ ဝင်ငွေနည်းပါးနေခြင်း စတာတွေကြောင့်ပါ။ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးပေမဲ့ ဈေးကွက်မရှိ၊ တွက်ခြေမကိုက်တာ၊ ဈေးကွက်ကိုရောက်ရှိဖို့ စရိတ်ကြီးမားတာ၊ ဘိန်းစိုက်ပျိုးမှုက အခြားသီးနှံတွေထက် ဝင်ငွေပိုများတာ၊ ရာသီဥတုနှင့် ပထဝီအနေအထား အခြေအနေများကလည်း ဘိန်းစိုက်ပျိုးဖို့ ပံ့ပိုးနေတာ၊ အခြားဘဝရပ်တည်မှုလုပ်ငန်းများမရှိတာတွေဟာလည်း ဘိန်းအစားထိုးသီးနှံမှာ အောင်မြင်ဖို့ အဟန့်အတားတွေပါ။ ဒါကြောင့် အဆိုရှင်တင်ပြသလို အစိုးရသာမက ပုဂ္ဂလိကလုပ်ငန်းများကိုပါ ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးသီနှံစီမံကိန်းသာမက ဘိန်းစိုက်တောင်သူများရဲ့ လူမှုရေးမြင့်မားလာအောင် မြှင့်တင်ပေးသင့်ပါတယ်။ နိုင်ငံအတွက် အရေးကြီး အဓိကအကျဆုံး ငြိမ်းချမ်းရေးကြီးရရှိဖို့ ဥပဒေစိုးမိုးရေးကိုဖော်ဆောင်ကာ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးမြင့်မားလာအောင် ဆွဲနိုင်ရင် ဘိန်းစိုက်ပျိုးမှုဟာ တဖြည်းဖြည်း လျော့နည်းပျောက်ကွယ်သွားမှာပါ။ ဒါကြောင့် တိုင်းရင်းသားပြည်သူ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေးကြီးကို အမြန်ဆုံးဖော်ဆောင်ဖို့ တိုက်တွန်းလိုက်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပန်းတောင်းမဲဆန္ဒနယ်က ဒေါ်ခင်နှင်းသစ်ရဲ့ မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးတဲ့ဒေသများတွင်

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒကွိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒကွိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒကွိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပြီး ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ ရင်ဆိုင်နေရတဲ့ မူးယစ်ဆေးဝါးဆိုင်ရာစိန်ခေါ်မှုတွေဟာ သိသာများပြားလှပါတယ်။ ဘိန်းစိုက်ဧရိယာအများအပြားရှိပြီး ဘိန်းဖြူထုတ်လုပ်မှုရှိခြင်း၊ စိတ်ကြွရူးသွပ်ဆေးဝါးများထုတ်လုပ်မှုနှင့် သယ်ဆောင်ဖောက်ကားမှုမြင့်တက်လာနေခြင်း၊ အစပျိုးဓာတုပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ဖောက်ကားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်နောက်ဆက်တွဲအန္တရာယ်များ မြင့်တက်လာနေမှု စသဖြင့် စိန်ခေါ်မှုများစုံလင်လှပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဘိန်းစိုက်ပျိုးထုတ်လုပ်တဲ့ အဓိကနိုင်ငံများအနက်တစ်ခုအပါအဝင်ဖြစ်ပြီးတော့ ကမ္ဘာ့ဘိန်းထုတ်လုပ်မှုရဲ့ ၁၄ ရာခိုင်နှုန်းခန့်ရှိကာ ဘိန်းစိုက်ပျိုးမှုအနေနဲ့ ကမ္ဘာ့ဘိန်းစိုက်ဧရိယာရဲ့ ၂၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ၎င်းအပြင် စိတ်ကြွရူးသွပ်ဆေးဝါးပြဿနာမှာလည်း ကြီးထွားလာပြီး ကမ္ဘာပေါ်မှာရှိတဲ့ စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်တဲ့ အဓိကနိုင်ငံများထဲမှာ မြန်မာနိုင်ငံကတစ်ခုအပါအဝင် ဖြစ်လာခဲ့ပါတယ်။ ပထဝီဝင်အနေအထားအရသော်လည်းကောင်း၊ မဟာဗျူဟာအရသော်လည်းကောင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများရဲ့မျက်စိကျခြင်းကိုခံရပြီးတော့ ၎င်းတို့ရဲ့မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းလုပ်ငန်းများ၊ လုပ်ကိုင်ရာနေရာအဖြစ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အကျိုးအမြတ်များလှတဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုဟာ နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့မှုခင်းများအား အားပေးလျက်ရှိပြီးတော့ အကျင့်ပျက်

ခြစားမှုနှင့် ဆက်စပ်တဲ့ တရားမဝင်လုပ်ငန်းတွေကိုလည်း ဖြစ်စေလျက်ရှိတဲ့အတွက် နိုင်ငံရဲ့လုံခြုံမှုနှင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီရဲ့လုံခြုံမှုကိုပါ ခြိမ်းခြောက်လျက်ရှိနေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါး ကြောင့်ဖြစ်ပေါ်လာတဲ့ ကျန်းမာရေးလူမှုရေးနှင့် စီးပွားရေးဆိုင်ရာအန္တရာယ်များကို အနိမ့်ဆုံးအဆင့် အထိ လျှော့ချခြင်းဖြင့် လုံခြုံပြီးကျန်းမာတဲ့ လူ့အသိုင်းအဝိုင်းတစ်ခုတည်ဆောက်ရေးရည်မှန်းချက် ထားရှိပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ မူဝါဒအသစ်ဟာ မြန်မာနိုင်ငံရဲ့မူးယစ်ဆေးဝါးပြဿနာများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများစသဖြင့် ကဏ္ဍပေါင်းစုံပါဝင်ပြီး ပြည့်စုံတဲ့ချဉ်းကပ်မှုပုံစံနဲ့ ကိုင်တွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တရား ဥပဒေစိုးမိုးရေးနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးဆောင်ရွက်ချက်များသာမဟုတ်ဘဲ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များပါဝင်ပြီး ဘိန်းစိုက်ပျိုးသူတောင်သူများအတွက် ရေရှည် တည်တံ့မယ့် အစားထိုးဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကိုလည်း ထည့်သွင်းရေးဆွဲထားပါတယ်။ ဦးစားပေးနယ်မြေများအဖြစ် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုး ဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေးနှင့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးတို့အဖြစ် ရေးဆွဲထားပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာ ခုံရုံးရဲ့ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ အစားအစာမဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် နိုင်ငံရေး မတည်ငြိမ်မှုတို့ဟာ ဘိန်းထုတ်လုပ်မှုတိုးတက်လာခြင်းရဲ့အဓိကအကြောင်းအရင်းများ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဘိန်းစိုက်ပျိုးမှုမှာ ပါဝင်သူအများစုဟာ ဆင်းရဲတဲ့တောင်သူများဖြစ်ကြပြီး ဘိန်းစိုက်ပျိုးတဲ့ကျေးရွာစုစုပေါင်းရဲ့ ၇၂ ရာခိုင်နှုန်းခန့်ကျေးရွာများမှာ ၎င်းတို့ရဲ့ဝင်ငွေကို ပိုမို အလွယ်တကူရရှိစေရန်လည်းကောင်း၊ ၎င်းတို့ရဲ့အခြေခံလူမှုကုန်ကျစရိတ်များဖြစ်တဲ့ အစားအစာ၊ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်ရေး စသည်တို့အတွက် လုံလောက်မှုရှိစေရန်အတွက် လည်းကောင်း ဘိန်းကိုစိုက်ပျိုးကြခြင်းဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ ဒါကြောင့် ဘိန်းထုတ်လုပ်မှု လျှော့ချရေးဟာ အစားထိုးဖွံ့ဖြိုးမှုနှင့် နီးကပ်စွာဆက်စပ်မှုရှိတာကို တွေ့ရှိရပါတယ်။ အစားထိုးဖွံ့ဖြိုး

ရေးဆိုတာ တရားမဝင်သီးနှံစိုက်ပျိုးမှုကို လျှော့ကျစေသောလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီးတော့ တရားမဝင်မူးယစ်ဆေးဝါးစီးပွားရေးအခြေခံအကြောင်းတရားများကို ပစ်မှတ်ထားတဲ့၊ အထူးသဖြင့် ကျေးလက်ဒေသရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးတဲ့လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ တရားမဝင်စိုက်ပျိုးထုတ်လုပ်ခြင်းအပေါ်မှာ မှီခိုနေရမှုကို အချိန်နှင့်အမျှ လျှော့နည်းလာနိုင်ရန်အတွက် ရေရှည်တည်တံ့တဲ့ အစားထိုးဝင်ငွေရရှိရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုပြုရန် လိုအပ်ပါတယ်။ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်တဲ့ဒေသတွေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်ပေးခြင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ရွက်ရာမှာ လူထုအခြေပြုအဖွဲ့အစည်းများရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် သမဝါယမအဖွဲ့အစည်းများကို အားပေးမြှင့်တင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းစတဲ့ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင် ပြုလုပ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိန်းချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို လျှော့ကျစေရန် ပညာပေးခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ တောင်သူများရဲ့မြေယာပိုင်ဆိုင်ခွင့်နှင့် အစားထိုးဖွံ့ဖြိုးရေးရဲ့ ခံစားခွင့်များ လက်လှမ်းမီမှု ရရှိစေခြင်း၊ အခြေခံအဆောက်အဦများဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျေးလက်လမ်း၊ လျှပ်စစ်မီးစတဲ့ အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီစေမယ့် ပြည်သူလူထုရဲ့အခွင့်အရေးများ မြှင့်တင်ပေးခြင်း၊ စဉ်ဆက်မပြတ် လူမှုဘဝမြှင့်တင်ရေးမှာ ပြည်သူလူထုပါဝင်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အစားထိုးဖွံ့ဖြိုးရေးမြှုပ်နှံမှုများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အားပေးဖိတ်ခေါ်ခြင်း၊ အကူအညီပေးခြင်း၊ ကုန်သွယ်ခြင်းဆိုင်ရာနည်းလမ်းများဖြင့် နိုင်ငံတကာပေါင်းစပ်ညှိနှိုင်းမှု၊ အခွင့်အလမ်းများနှင့် ယန္တရားများ ဖော်ဆောင်ခြင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်နိုင်ရန် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဒေသများရဲ့လိုအပ်ချက်ကို လေ့လာဆန်းစစ်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများ မြှင့်တင်နိုင်ရန် လူ့အခွင့်အရေးဆိုင်ရာအသိပညာနှင့် ဗဟုသုတများ ဖြန့်ဝေခြင်း၊ လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တာဝန်ရှိသူများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တရားမဝင်မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများနှင့်ပတ်သက်တဲ့ ဥပဒေရေးရာ ပြန်လည်သုံးသပ်ခြင်း စသည်တို့ကို ဆောင်ရွက်ဖို့လိုကြောင်းအကြံပြုရင်း အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်.

**မူကြမ်း**

**ဦးဖိုးမောင်(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာသူများအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင် ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏အဆိုမှာ မြန်မာနိုင်ငံတွင် ဝေးလံခေါင်ဖျားဒေသ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသ၊ တောင်ကုန်းတောင်တန်းပေါ်များသောဒေသရှိ မြို့နယ် ၅၀ ခန့်မှာ မိရိုးဖလာဘိန်းစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေရတာ။ ဘိန်းစိုက်တောင်သူများနှင့် ၎င်းဒေသရှိပြည်သူများ လူနေမှုဘဝမြင့်တင်စေလိုသောဆန္ဒနှင့် ဤအဆိုကို တင်သွင်းခြင်းကို ကျွန်တော်ထောက်ခံဆွေးနွေး ပါမယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းဒေသရှိ တောင်သူဦးကြီးများဟာ ဘာကြောင့် ဘိန်းစိုက်ရသလဲ။ ဘာကြောင့် ဘိန်းစိုက်ပျိုးရေးကို မစွန့်လွှတ်ချင်ကြသလဲဆိုတာကို ကွင်းဆင်း လေ့လာကြည့်တဲ့အခါမှာ ရှေးယခင်က ဘိန်းကို အိမ်တွင်းဆေးအဖြစ် သုံးစွဲရန် စိုက်ပျိုးကြတယ်။ နောက်ပိုင်းမှာ သူတို့က စီးပွားဖြစ် စိုက်ပျိုးလာကြတယ်။ ပြီးတော့ ဘိန်းတွေကို စိုက်ပျိုးတဲ့နေရာမှာ ကာလတိုအတွင်းမှာ စိုက်ပျိုးသိမ်းဆည်းနိုင်တဲ့အတွက်ကြောင့်၊ နောက်ပြီးတော့ ဘိန်းကို ဈေးနှုန်း မြင့်မြင့်နဲ့ရောင်းချရတဲ့အတွက်ကြောင့် စိုက်ပျိုးခြင်းကို သူတို့မစွန့်လွှတ်ချင်ကြဘူး။ ဘိန်းအစားထိုး သီးနှံကို နိုင်ငံတော်က ချပေးခဲ့တာကို စိုက်ပျိုးဖြစ်မြောက်သော်လည်း အဲဒီသီးနှံတွေကို သိမ်းဆည်းဖို့ ခက်ခဲခြင်း၊ သယ်ယူဆောင်ရွက်တဲ့နေရာမှာ လမ်းမကောင်းခြင်း၊ ရောင်းလိုအား၊ ဝယ်လိုအား ဈေးကွက်ပျောက်နေခြင်းစတဲ့ အကြောင်းကြောင့် ဘိန်းအစားထိုးသီးနှံစိုက်တဲ့တောင်သူဟာ အဲဒီ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးချင်စိတ်မရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါတွေဟာ ဘိန်းအစားထိုး စိုက်ပျိုးသီးနှံအတွက် မအောင်မြင်ရခြင်း အကြောင်းတစ်ခုလို့ သုံးသပ်မိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးနားချင်းထိုင်းနိုင်ငံရဲ့ထိုင်းဘုရင်မင်းမြတ်ဟာ သူရဲ့နိုင်ငံအတွင်းမှာရှိတဲ့ ဘိန်းစိုက်ရာဒေသများမှာ အခြားသောသီးနှံများကို စိုက်ပျိုးစေပြီး ထွက်သမျှစိုက်ပျိုးသီးနှံများကို ဘိန်းမှလွဲပြီးတော့ ဈေးကောင်းပေးဝယ်ပြီး မိမိ တိုင်းပြည်အတွင်းရှိ ဆင်းရဲသားပြည်သူများကို ဝေငှစားသုံးစေခဲ့တယ်။ ဒီလိုနဲ့ ဒီနေ့ထိုင်းနိုင်ငံမှာ ဘိန်းစိုက်ပျိုးတဲ့လုပ်ငန်း ကွယ်ပျောက်သွားတာကို ကြားသိရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ

ဘိန်းစိုက်ပျိုးရာဒေသမှာ မြေအမျိုးအစား၊ ရာသီဥတုအခြေအနေ၊ စိုက်ပျိုးဖြစ်ထွန်းနိုင်မယ့် ဈေးကွက်ဝင်သီးနှံများ၊ ထွက်ရှိနိုင်မယ့်နည်းလမ်းများကို အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အကြံဉာဏ်များ ရယူခြင်း၊ ထွက်ရှိလာသော သီးနှံများအတွက် ဈေးကွက်များ ဖန်တီးပေးခြင်း၊ သယ်ယူပို့ဆောင်ရေးအတွက် လွယ်ကူစေရန် ဆောင်ရွက်ပေးခြင်း၊ အရင်းအနှီးများ ပံ့ပိုးပေးခြင်း စသည်တို့ကို အထူးစီမံကိန်း၊ စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရပူးပေါင်း ဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းစဉ်များအား ဖိတ်ခေါ်၍ ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ပန်းတောင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်တင်သွင်းတဲ့ မြန်မာနိုင်ငံရှိ ဘိန်းအများ ဆုံးစိုက်ပျိုးရာဒေသများမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိ ကလုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်နေမှုအခြေအနေများကို နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အားလုံးရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အဆိုကို ကျွန်တော့်အနေနဲ့ Power Point ဖြင့် ရှင်းလင်းပြီးတော့ တင်ပြမှုဟာ ၁၀ မိနစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဆိုတာ ကျွန်တော်တို့ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့မှာတော့ ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေပြီးတော့ ကျန်တဲ့ဝန်ကြီးဌာန အသီးသီးနှင့် စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီးတော့ အတွင်းရေးမှူးအနေနဲ့ ရဲချုပ်ကနေပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း ပထမဦးစွာ တင်ပြအပ်ပါတယ်။ ဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီးတော့ ဘက်ပေါင်းစုံတိုက်ဖျက်ချေမှုန်းရေးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်စေရေးဆိုတဲ့ မဟာဗျူဟာနှစ်ရပ်နှင့်အညီ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်စေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဗဟိုအဖွဲ့ရဲ့အောက်မှာ လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့ကို ဖွဲ့ထားပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်၊ မြို့နယ်ရပ်ကွက်ကျေးရွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီမှာတော့ တားဆီးနှိမ်နင်းရေးစီမံခန့်ခွဲရေးအဖွဲ့ကိုတော့ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပါတယ်။ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ကိုတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပြီးတော့ သီးနှံအစားဖိုးစိုက်ပျိုးရေးအဖွဲ့ကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပါတယ်။ မွေးမြူရေးအဖွဲ့ကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကဆောင်ရွက်ပြီး ဆေးကုသရေးအဖွဲ့ကိုတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးအဖွဲ့ကိုတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ကျောင်းသားလူငယ်များအသိပညာရေးအဖွဲ့ကိုတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ကိုတော့ ပညာရေးဝန်ကြီးဌာန၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့ကိုတော့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ထိန်းချုပ်ရေးအဖွဲ့ကိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘော

တူစာချုပ်များလက်မှတ်ရေးထိုးပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဘိန်းစိုက်တောင်သူများရဲ့ လူနေမှုဘဝမြင့်မားစေရန်အတွက် အစားထိုးဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)တို့ပူးပေါင်းပြီးတော့ ဘိန်းစိုက်ခင်းဧရိယာများကို ကျွန်တော်တို့ ၂၀၁၇ ခုနှစ်တိုင်းတာခဲ့ပါတယ်။ တိုင်းတာမှုအရ ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ဧရိယာ ၄၁၀၀၀ ဟက်တာရှိရာကနေပြီးတော့ ၂၀၁၈ ခုနှစ်မှာ ဘိန်းစိုက်ဧရိယာ ၃၇၃၀၀ ခန့်ဟက်တာရှိခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျလာကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ဘိန်းအစားထိုးဖွံ့ဖြိုးရေးကဏ္ဍမှာ နိုင်ငံတကာနှင့် မူးယစ်ဗဟိုအဖွဲ့တို့ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်)၊ လွိုင်လင်မြို့နယ် ကျေးရွာအုပ်စုလေးစုမှာ ၂၀၁၀ ခုနှစ်ကနေပြီးတော့ ၂၀၁၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေရှိပါတယ်။ ဒီလုပ်ငန်းတွေကတော့ အစားအစာဖူလုံရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများတိုးမြှင့်ရေးစီမံကိန်းကို ဂျာမနီနိုင်ငံရဲ့ ထောက်ပံ့ငွေ ယူရို ၁.၅၇၄ သန်း၊ လွိုင်လင်မြို့နယ် ကျေးရွာကိုးစုမှာ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ဆင်းရဲတဲ့တောင်သူများအတွက် ထောက်ပံ့ရေးစီမံကိန်း EU ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၁.၃၀၉ သန်း၊ ဟိုပုန်းမြို့နယ် ကျေးရွာအုပ်စု ၁၀ စုမှာ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၃ ခုနှစ် အစားအစာဖူလုံရေးစီမံကိန်းကို EU ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၄.၉၆၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်နှင့် ဟိုပုန်းမြို့နယ် စီမံကိန်းကျေးရွာများမှာ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ အစားထိုးဖွံ့ဖြိုးရေးနှင့် အများပိုင်သစ်တောများ တည်ထောင်ရေးစီမံကိန်းကိုလည်း ဂျာမနီနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့ရဲ့ ထောက်ပံ့အမေရိကန်ဒေါ်လာ ၅.၉ သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့(ONCB)နှင့် မူးယစ်ဗဟိုအဖွဲ့တို့ပူးပေါင်းပြီးတော့ ရေရှည်တည်တံ့တဲ့ အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းကို ဘတ်သန်း ၃၅၀ ဖြင့် မယ့်ဖားလုံဖောင်ဒေးရှင်းမှ တာချီလိတ်ခရိုင်၊ လွယ်တော်ခမ်း(၂)အုပ်စု(ဂျော့ပဒေသ)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတွမ်းဒေသ၊ စတုံအုပ်စု(မယ်ကြုတ်/လွယ်ပါရင်ဒေသ)နှင့် ယောင်ခကျေးရွာအုပ်စုတို့မှာ သောက်သုံးရေရရှိရေး၊ လယ်ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊

ပညာရေး၊ ဝင်ငွေရရှိရေး၊ ဒေသခံလူထုရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ ကျေးရွာလူထုမှ ဆက်လက်လည်ပတ်ထိန်းသိမ်းနိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ စိုက်ပျိုးရေး ရန်ပုံငွေများထူထောင်ပေးခြင်း၊ တိရစ္ဆာန်ကုသရေးနှင့် ဆေးဝါးရန်ပုံငွေများထူထောင်ပေးခြင်းစတဲ့ လုပ်ငန်းများကို ၂၀၁၃ ခုနှစ်ကနေပြီးတော့ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ အကောင်အထည် ဖော်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

အဆိုရှင်များစောစောက ထောက်ခံဆွေးနွေးသွားတဲ့အထဲမှာလည်း ထိုင်းနိုင်ငံနှင့် မယ့်ဖားလို ဖောင်ဒေးရှင်းနဲ့ လုပ်ငန်းတွေဟာ အောင်မြင်တယ်ဆိုပြီးတော့ ပြောပြသွားတဲ့အပေါ်မှာ ကျွန်တော့် အနေနဲ့ တင်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ပဲ မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်းပြီးတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်အတွင်းမှာရှိတဲ့ မိုင်းကိုး၊ မိုင်းဟဲ၊ မိုင်းလင်းဒေသများမှာ ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ကြပြီးတော့ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ထပ်မံဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ နောက်ထပ်ကျွန်တော်တို့လုပ်နေတဲ့ ဆောင်ရွက်ချက်တစ်ခုကတော့ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းဖြစ်ပါတယ်။ အဲဒီမှာ နောင်တရားဒေသမှာ ပေါ့အင်၊ မွှေးပြင်၊ ပင်ခင်နှင့် လွယ်မောကျေးရွာအုပ်စုများရှိ ကျေးရွာ ၉၇ ရွာမှာ အစားထိုးဖွံ့ဖြိုးတိုးတက်ရေး ရှေ့ပြေးစီမံကိန်း Pilot Project တစ်ခုကို ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ စီမံကိန်းကာလကို သုံးနှစ်နဲ့ ခြောက်လ အကောင်အထည်ဖော်ပြီးတော့ ဝန်ကြီးဌာနရှစ်ခုတို့ကနေပြီးတော့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါရှေ့ပြေးစီမံကိန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မိတ်ဖက် ဝန်ကြီးဌာနတို့က ပူးပေါင်းပြီးတော့ဆောင်ရွက်တဲ့နေရာမှာ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ရေး၊ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းပြီး လမ်း၊တံတားကဏ္ဍ၊ စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေး/ကျန်းမာရေး ကဏ္ဍတွေကို ဘက်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည် ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့မှာ ပါဝင်တဲ့ သက်ဆိုင်ရာဦးစီးဌာနအသီးသီးက နှစ်အလိုက်စီမံကိန်းများ ချမှတ်ရေးဆွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့အထဲမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁၉၉၂.၂၇၆၂ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(ပထမခြောက်လပတ်မှာ) ငွေကျပ်

၄၆၆.၅၁၀၅ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လမှာ ငွေကျပ် ၂၉၇၂.၃၅၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်တဲ့နေရာမှာ ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းများအောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့၊ ဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ များဖြင့် ဖွဲ့စည်းစိစစ်သုံးသပ်ပြီး တွေ့ရှိချက်အပေါ်မှာမူတည်၍ စီမံကိန်းဧရိယာများကို နိုင်ငံတော် အစိုးရရဲ့ ရန်ပုံငွေခွင့်ပြုမှုဘောင်အတွင်းကနေ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကချင်၊ ကယား၊ ချင်း၊ ရှမ်းပြည်နယ်တို့ရှိ မြို့နယ် ၅၁ မြို့နယ်မှာ ဒေသခံတိုင်းရင်းသားပြည်သူတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဆောင်ရွက်တဲ့ဟာကိုတော့ မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ်စီမံကိန်းကိုတော့ ၁၉၉၉-၂၀၀၀ ခုနှစ်ကနေပြီးတော့ ၂၀၁၃-၂၀၁၄ ခုနှစ် အထိဆောင်ရွက်ခဲ့ပြီးတော့ လမ်း၊ တံတား၊ ကျန်းမာရေး၊ ရေရရှိရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးနှင့် သာသနာရေး အစရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာငွေကျပ် ၇၀၈.၇၉၂ ဘီလီယံကို သုံးစွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုလက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ ခုနှစ်အထိတွင်ပဲ မြန်မာငွေကျပ် ၇၀.၅ ဘီလီယံဖြင့် သုံးစွဲဆောင်ရွက်လျက်ရှိရာ ငါးနှစ်စီမံကိန်းရဲ့နောက်ဆုံးနှစ်ကိုလည်း ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

အလားတူ သီးနှံ့အစားထိုးစိုက်ပျိုးရေးအဖွဲ့အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေ စပြီးတော့ စိုက်ပျိုးရေးနည်းပညာဖြန့်ဝေခြင်း၊ သင်တန်းပေးခြင်း၊ မျိုးကောင်းမျိုးသန့်ဖြန့်ဝေခြင်း၊ သွင်းအားစုများပံ့ပိုးကူညီခြင်း၊ အထွက်နှုန်းမြင့်မားစေခြင်း၊ ဈေးကွက်ရရှိရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အစောက အဆိုရှင်တင်သွင်းသွားတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုကို တင်ပြရမယ်ဆိုလို့ရှိရင် ကယားပြည်နယ်မှာ လုပ်ငန်းရှင်တစ်ခုက ဦးဆောင်ပြီးတော့ ဒေသခံတောင်သူများရဲ့ လွိုင်ကော်မြို့နယ်၊ ပိန်းခြေကျေးရွာမှာ ယခင်ဘိန်းစိုက်ခဲ့တဲ့ တနောင်ညွန့်တောင်တန်းဒေသမှာ နှစ်ရှည်ပင်ကော်ဖီ ဧက ၅၀၀၊ ထောပတ်ပင် ဧက ၅၀၀ စိုက်ပျိုးရန် စနစ်တကျစီမံကိန်းချမှတ်ထားပြီး လက်ရှိအခြေအနေမှာ ကော်ဖီ ၅၃ ဧကနှင့် ထောပတ် ၁၈ ဧကစိုက်ပျိုးထားရှိပြီး ဖြစ်ပါတယ်။ နှစ်ရှည်သီးနှံစိုက်ပျိုးရေးအတွက် လိုအပ်တဲ့

စိုက်ပျိုးရေးနည်းပညာများနှင့် မြေအသုံးချခွင့်ရရှိရေးတို့အတွက် ကယားပြည်နယ်အစိုးရနှင့် စိုက်ပျိုးရေးဌာနတို့က ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်အရ နိုင်ငံတော်အတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သကဲ့သို့ နယ်စပ်ဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုဟာလည်း ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေခြင်း၊ ဒေသထွက်သီးနှံများကို ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်သဖြင့် ဝင်ငွေတိုးပွားလာစေပြီး အစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုးလာခြင်း၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လုပ်ငန်းများကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေခြင်းစတဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးကို များစွာအကျိုးပြုမှာ ဖြစ်ပါတယ်။ ၎င်းအပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အဆောက်အဦတည်ဆောက်ပေးခြင်း ဟာလည်း ဒေသခံများရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လျှော့နည်းကျဆင်း စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း နောင်တရားဒေသမှာ လုပ်ဆောင်ခဲ့တဲ့ Pilot Project က ဆောင်ရွက်မှုအရ သိရှိရပါတယ်။ လူသားမျိုးနွယ်စုတို့ရဲ့ အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံရဲ့တားဆီးကာကွယ်နိုင်မှု စွမ်းအားဖြင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့ဖြင့်လည်းကောင်း ပူးပေါင်း၍ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကျွန်တော်တို့တစိုက်မတ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ အနာဂတ်မှာလည်း ကျွန်တော်တို့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် တင်သွင်းတဲ့ မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများမှာစဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်း စနစ်တကျဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေမှာ နိုင်ငံတော်အစိုးရရဲ့ အတိတ်ကဆောင်ရွက်ခဲ့မှုတွေ၊ လတ်တလောဆောင်ရွက်ချက်တွေ၊ အနာဂတ်ကာလမှာ ဆက်လက် ဆောင်ရွက်မည့်အခြေအနေများကို ကျွန်တော့်အနေနဲ့ အကျဉ်းချုံးရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ မူးယစ် ဆေးဝါးအန္တရာယ်ဟာ မြန်မာတစ်မျိုးသားလုံးအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့အတွက် တားဆီးကာကွယ်ခြင်း၊ အစားထိုးစီမံကိန်းများ ဆောင်ရွက် ပေးခြင်းစတဲ့ လုပ်ငန်းစဉ်များဟာလည်း ကြီးမားကျယ်ပြန့်ပါတယ်။ ကြီးမားကျယ်ပြန့်ခြင်းနှင့်အတူ

နည်းပညာ၊ အချိန်နှင့် ငွေကြေးအင်အားပမာဏများပြားစွာ သုံးစွဲဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များဟာ ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်တက်ကြွကြွလက်တွဲပူးပေါင်းကူညီဆောင်ရွက်ပေးမည် ဆိုပါက ဒေသခံဘိန်းစိုက်ပျိုးတဲ့တောင်သူများအတွက် များစွာအကျိုးရှိမယ့် လုပ်ငန်းတစ်ရပ်ဖြစ်ပါ သဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်လိုတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါ ကြောင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ လည်း ဆက်သွယ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီးမှ သဘောထားပြောပေးပါ။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ အတည်ပြုဖို့ ကျွန်တော်ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ၂-၅-၂၀၁၉ ရက်နေ့က ယနေ့ ပြည်သူ့လွှတ်တော် ကြီးမှာ ဆွေးနွေးခဲ့တဲ့အဆိုကို တင်သွင်းခဲ့တဲ့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဦးစွာ ကျေးဇူးတင်စကားပြောကြားလိုပါတယ်။ ကျွန်မရဲ့ အဆိုကို လွှတ်တော်ကြီးမှာ လက်ခံဆွေးနွေးခွင့်ပေးခဲ့ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ကျွန်မ၏ အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးအောင် ထောက်ခံပေးခဲ့ပါသော ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်၊ ယနေ့ အဆိုကို စိတ်ပါဝင်စားစွာနဲ့ ရှုထောင့် ပေါင်းစုံက ဆွေးနွေးပေးကြပါသော ကိုယ်စားလှယ်တော်ကြီး ၁၀ ဦးနှင့် အဆိုကိုရှင်းလင်းပေးပါသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်မ အဆိုရှင်ရဲ့သဘောထားကို ဆက်လက်တင်ပြပါမယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆို၏အဓိပ္ပာယ်နှင့် အနှစ်သာရကို ရှင်းလင်းပေါ်လွင်စေလို၍ Power Point ဖြင့် အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ကျွန်မဖတ်မိလိုက်တဲ့ ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နေ့စွဲပါ Modern သတင်းဂျာနယ်ရဲ့ ဖော်ပြထားမှုဖြစ်ပြီး ဝူးလုံလက်ဖက်ခြောက် ထုတ်လုပ်ဖြန့်ဖြူးရေးကုမ္ပဏီ Logistic Manager နဲ့တွေ့ဆုံထားခြင်းဖြစ်ပါတယ်။ ခေါင်းစဉ်က အရင်တုန်းက ဘိန်းစိုက်ထားတဲ့ နေရာတွေမှာ အစားထိုးသီးနှံအနေနဲ့ စိုက်ထားတာပါဟု ဖော်ပြထားပါတယ်။ ဝူးလုံလက်ဖက်ခြောက် ဧက ၂၀၀ ကျော်စိုက်ပျိုးထားကြောင်းနှင့် အဆိုပါလက်ဖက်ခြောက်ကို ပြည်တွင်းတွင်မဟုတ် ပြည်ပအထိ ဖြန့်ဖို့ ရည်ရွယ်ထားတယ်လို့ ပြောထားပါတယ်။ ဒီဥပမာလိုပဲ ဘိန်းအစားထိုးစီမံကိန်းတွေမှာ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်နိုင်စေဖို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးအန္တရာယ်လျော့နည်းစေရေးအတွက် ဆောင်ရွက်ရန်သည် ဒေသတစ်ခုချင်း၏ ပြဿနာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများနှင့် ဆက်စပ်ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးစာချုပ်များကို လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနှင့်လည်း ချိတ်ဆက်လျက်ရှိပါတယ်။ အဆိုကို အတည်ပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှာ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံစီကို ရှေ့ရှုဦးတည်စေပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း ကျွန်မရဲ့ အဆိုကိုအတည်ပြုဖို့ ရှင်းလင်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မရဲ့အဆိုဟာ တိုင်းရင်းသားအရေးကို ဦးစားပေးဆောင်ရွက်နေတဲ့ လက်ရှိအစိုးရရဲ့ မူဝါဒနှင့်လည်း ကိုက်ညီပါတယ်။ တောင်ပေါ်ဒေသဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအပေါ်မှာ စာနာနားလည်စွာနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း ဖြစ်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးရဲ့ ကောင်းကျိုးအတွက်ဖြစ်ပါ၍ ကျွန်မ၏အဆိုအား လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်နှင်းသစ်၊ ပန်တောင်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ဆွေးနွေးပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း

အတည်ပြုရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်နှင်းသစ် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ (၁၇.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Myint    U Myo Zaw Aung




Dr Myint Htwe    Daw Ni Ni May Myint




Dr Myint Htwe    U Nyunt Win




Dr Myint Htwe    U Saw Tin Win




Dr Myint Htwe    U Khin Maung Myint




Dr Myint Htwe    U Kyaw Myint

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်